မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်အချို့တွင် ကျရောက်လျက်ရှိသော ဆီးနှင်းမုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တမူးမြို့ နယ်စပ် နန်းဖာလုံဈေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တမူးမြို့ နယ်စပ် နန်းဖာလုံဈေးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်

တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အားနှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် နှစ်ပေါင်း ၁၀၀ ကျော်တိုင် လက်လွတ်ဆုံးရှုံးခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့ပြီး လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ဂုဏ်သိက္ခာရှိစွာ ပြန်လည်ရပ်တည်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၀)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

တမူးဒေသသည် တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် ဆက်စပ်နေသည့် နယ်စပ်မြို့ဖြစ် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ ဖွံ့ဖြိုးတိုးတက်လာအောင် နည်းလမ်းများ ရှာကြံဆောင်ရွက် ကုန်သွယ်မှုလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျလုပ်ကိုင်

နေပြည်တော် ဖေဖော်ဝါရီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဖေဖော်ဝါရီ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်း ကလေးမြို့သို့ထွက်ခွာခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ကလေးလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းရေး ပညာသင်ယူမှု အခွင့်အလမ်းများ ဖြန့်ကြက်တည်ဆောက်

နိုင်ငံတော်က ပညာရေးကဏ္ဍကို အလေးထားဖော်ဆောင်ရာတွင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ ထွန်းကားပြန့်ပွားရေးနှင့် မျိုးဆက်သစ်လူငယ်များအား နည်းပညာများ လေ့ကျင့်ပျိုးထောင်ပေးရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာ ဖြစ်ပေါ်တိုးတက်မှုများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပညာရေးကဏ္ဍကို နှစ်ရှည်စီမံကိန်း ရေးဆွဲပြီး ပြုပြင်ပြောင်းလဲ မြှင့်တင်ပေးနေခြင်းပင် ဖြစ်သည်။

ယနေ့ကာလတွင် အဆင့်မြင့်ပညာသင်ကြားမှု အခွင့်အလမ်းများသည် ပြည်နယ်နှင့်တိုင်းရှိ မြို့ကြီးများသာမက ပြည်ထောင်စုကြီး၏ အချက်အချာကျသည့် အထူးဖွံ့ဖြိုးရေးဒေသများအထိ လေ့လာသင်ကြားနိုင်စေရန် စနစ်တကျ အဆင့်လိုက် ဖော်ဆောင်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း ကလေးမြို့ရှိ နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီလ ၄ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ နည်းပညာတက္ကသိုလ် အပါအဝင် ဝိဇ္ဇာ၊သိပ္ပံ တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့ တည်ရှိလာသည့်အတွက် ချင်းပြည်နယ်နှင့် ကလေးဒေသမှ ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာကို ဒေသတွင်း၌ လက်လှမ်းတမီ သင်ယူနိုင်ကြပြီ ဖြစ်သည်။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပညာရေးကဏ္ဍ၌ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေးအတွက် ပညာရေးမြှင့်တင်မှုအစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် ပြုစုပျိုးထောင်လျက် ရှိသည်။

မျိုးဆက်သစ်လူငယ်များကို စာပေပညာတတ်မြောက်ရုံသာမက နယ်ပယ်ကဏ္ဍစုံတွင် အရည်အသွေးမြင့်မားပြီး အမျိုးသားရေးဂုဏ်သိက္ခာထိန်းသိမ်းမှု အလေ့အကျင့်များ ထွန်းကားစေရေး လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်သည်။

ယခုအခါ အဆင့်မြင့်ပညာသင်ယူမှု အခွင့်အလမ်းများ နိုင်ငံတစ်ဝန်း ဖြန့်ကြက်ဖြစ်ထွန်းလျက်ရှိရာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်သစ်အတွက် အဓိကလိုအပ်သည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၂–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM&PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	မဟာပဋ္ဌာန်းဝိပဿနာ တရားတော် (အာရမ္မဏပစ္စည်း) [ဆရာတော်သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝါယမ]
၈း၁၅–၂း၁၅	Industrial Talk [ပါမောက္ခ ဒေါက်တာဝင်းမော်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၄၀–၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၅–၃း၀၅	နိဗ္ဗာန်သို့ရှည်မှန်းကုသိုလ်ယူ မြတ်သောအလှူ
၉း၂၀–၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀–၃း၃၀	Midweek Sports News
၉း၄၅–၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀–၃း၅၀	လောကုတ္တရာနှင့်သွားမှ နိဗ္ဗာန်စံရတရားတော် [ဒေါက်တာချစ်ငယ် (ဒဿန)Ph.D]
၁၀း၀၅–၄း၀၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၁၀–၄း၁၀	ထူးချွန်ထက်မြက် နိုင်ငံမျိုးဆက်
၁၀း၃၀–၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅–၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀–၄း၄၀	ကချင်ရိုးရာ ဝတ်စားဆင်ယင်မှု
၁၀း၄၅–၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀–၄း၅၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ကြက်ဥမုန့်)
၁၁း၀၀–၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀–၅း၁၀	မန်းရွှေစက်တော်မှ ခြေတော်ရာဦးဖူးရအောင်
၁၁း၂၅–၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀–၅း၃၀	Yangon Panorama (Miss Now How 2007 ရွေးချယ်ပွဲအခမ်းအနား)
၁၁း၅၅–၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀–၆း၀၀	အနာကြီးရောဂါ ကင်းဝေးရေး ဆိုင်ရာကွင်းဆင်း ဆောင်ရွက်ချက်များ
၁၂း၂၀–၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅–၆း၂၅	International Video Topics (နာဖာတီတီနှင့် ပျောက်ဆုံးနေသော မင်းဆက်)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၆–၂–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း–၁၉)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူ့ရဲကောင်း** (အပိုင်း–၃၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	ICT သုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူ့ရဲကောင်း** (ဒုတိယတွဲ) (အပိုင်း–၃၀)

ဘိုးဘွား မိဘများအားရည်စူး၍ ရန်ကုန်တိုင်း လသာမြို့နယ် ၂၂လမ်း အမှတ် ၁၀၆ လေးထပ်နေ ဦးမင်းအောင်–ဒေါ်ခင်သိန်း၊ သား ဒေါက်တာ စိုးအောင်–မိရွှေဝါခိုင်၊ ဗိုလ်မှူးစိုးအောင်– မိစိုးမြတ်မွန်၊သမီး ဒေါက်တာမင်းထွန်း–ဒေါက်တာခင်သီတာအောင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဖြိုးရောကုမ္ပဏီလီမိတက် (ငါးမွေးမြူရေးလုပ်ငန်း) ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

ဖြိုးရော ကုမ္ပဏီလီမိတက် (ငါးမွေးမြူရေးလုပ်ငန်း)၏ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်မြို့နယ် ဝါးတောကျေးရွာရှိ ဖြိုးရောကုမ္ပဏီလီမိတက် အမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော)ရှင်းလင်းဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

ထို့နောက် ဖြိုးရော (ငါးမွေးမြူရေးလုပ်ငန်း) အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမြင့်အောင်က ဖြိုးရောငါးမွေးမြူရေးစခန်းများ၏ မွေးမြူဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းများခန့်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖြိုးရော (ငါးမွေးမြူရေးလုပ်ငန်း)၏ အမှတ်(၁) ငါးမွေးမြူရေးစခန်း(သဇင်ရေကျော်)၊ အမှတ်(၂)စခန်း(ဝါးတော)၊ အမှတ်(၃)စခန်း(သဲဖြူ ကွင်း၊ဇီးဖြူကွင်း)၊ အမှတ်(၄) ငါးမွေးမြူရေးစခန်း(မိုးကုတ်၊ဒီးခုတ်)နှင့် အမှတ်(၅)၊ အမှတ်(၆)ငါးမွေးမြူရေးစခန်း (မီးသွေးချောင်း) တို့မှ စခန်းတာဝန်ခံများက မွေးမြူရေးကန်များအလိုက် ငါးထည့်သွင်းမွေးမြူမှုနှင့် ကန်ဖော်ယူရောင်း ချပြီးစီးမှုအခြေအနေကို ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ထွန်းနေလင်း ငါး၊ ပုစွန် ပြုပြင်အအေးခန်းစက်ရုံ တာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ဥပဒေပညာ အာစရိယ ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၅

First To Fifth Batch B.A (Law), LL.B ဥပဒေပညာရပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၀ရက် (တနင်္ဂနွေနေ့)နံနက်၁၀နာရီတွင်ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့်ပစ္စည်းများကို ဒေါ်ဝေဝေကြည် ဖုန်း–၆၆၀၂၆၀၊ ဦးအေးသောင်း ဖုန်း–၃၈၇၆၃၁၊ ဦးလှမြင့် ဖုန်း–၃၈၀၃၂၄၊ ဒေါ်သန်းသန်း ဖုန်း–၅၅၉၉၀၂၊ ဒေါ်ခင်သန်းမြင့် ဖုန်း–၀၉–၅၁–၂၄၈၆၈နှင့် ဦးဟန်ထူး ဖုန်း–၅၂၇၂၄၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

● ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကလေးလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ကလေးမြို့မှ တမူးမြို့သို့ရောက်ရှိကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ တမူးနယ်စပ်က ဆောင်ရွက်သည့် ပို့ကုန်ပစ္စည်းနမူနာများနှင့် သွင်းကုန်ပစ္စည်းနမူနာများကို ကြည့်ရှုကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နယ်စပ်ကုန်သွယ်ရေးရုံး၌ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တမူးမြို့၏ ဝန်ထမ်းအင်အား၊ ရည်မှန်းချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၂၀၀၆-၂၀၀၇ ခုနှစ် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုအခြေအနေနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် အခြေအနေ၊ Transit ကုန်သွယ်မှုအနေအထား၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တမူးမြို့ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးလှမောင်က နယ်စပ်ကုန်သွယ်မှုဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးကာ၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။
(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တမူးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုန်သည်ကြီးများ၊ မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နည်းလမ်းရှာကြံ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို ထပ်မံမေးမြန်းပြီး မှာကြားရာတွင် တမူးဒေသသည် တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် ဆက်စပ်နေသည့် နယ်စပ်မြို့ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ဖွံ့ဖြိုးတိုးတက်လာအောင် နည်းလမ်းများရှာကြံရန်လိုကြောင်း။

မိမိတို့ ကုန်သည်ကြီးများအသင်းကလည်း ကုန်သည်အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ညှိနှိုင်း၍ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုလုပ်ငန်း ဖြစ်ထွန်းအောင်မြင်သည်ထက် အောင်မြင်အောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း။

စနစ်တကျလုပ်ကိုင်

မိမိတို့နိုင်ငံဘက်မှ သစ်အချောထည်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ သားငါးများကို ပိုမိုတင်ပို့ရောင်းချနိုင်အောင် ဆက်လက်ကြိုးပမ်းကြရန်၊ ကုန်သွယ်မှုလုပ်ငန်းများကိုလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျလုပ်ကိုင်ကြရန်လိုကြောင်း။

နယ်စပ်ကုန်သွယ်ရေးမြို့ဖြစ်သည်နှင့်အညီ မိမိတို့ဒေသမှတစ်ဆင့် တရားမဝင် ကုန်သွယ်မှုများမဖြစ်ရအောင် ဝိုင်းဝန်းထိန်းသိမ်း တားဆီးရမည်ဖြစ်သကဲ့သို့ မိမိတို့ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း အကျင့်ပျက်ပြားမှု၊ အဂတိလိုက်စားမှုများမဖြစ်ရအောင် ရှောင်ရှားထိန်းသိမ်းကြရန် အရေးကြီးကြောင်း။

သတိထားလုပ်ကိုင်

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုတိုးမြှင့်ရေးတို့အတွက် အစစသတိထား လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တမူးမြို့ ဖွံ့ဖြိုးတိုးတက်လာမှု၊ နှစ်နိုင်ငံ နယ်စပ်တံတား၊ တမူးမြို့သစ်၌ ကံကြီးဝတံတားသစ်တည်ဆောက်ပြီးစီးမှုနှင့် လမ်းသစ်များ တိုးချဲ့ဖောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နယ်စပ် နန်းဖာလုံဈေးသို့ ဝင်ရောက်ကြပြီး ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် (၂၅)ခုတင်ဆံ့ တမူးမြို့ ပြည်သူ့ဆေးရုံသို့ ဝင်ရောက်၍ လူနာများကို အားပေးကာ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆေးပဒေသာပင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်ဌေးထံ ပေးအပ်လှူဒါန်းပြီး အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများအား တွေ့ဆုံ အားပေးမှာကြားရာတွင် ဆရာဝန် ဆရာမများအနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ ဆေးရုံ၊ ဆေးခန်းသို့ ရောက်လာမှသာ ရောဂါများကို ကုသပေးရုံဖြင့် မလုံလောက်ကြောင်း။

ကွင်းဆင်းဆောင်ရွက်

ပြည်သူများအား ကျန်းမာရေးအသိ၊ ကျန်းမာရေးပညာပေး၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြရန်လည်း လိုကြောင်း။

ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်တတ်သည့် အသိပညာရှိစေရန်မှာ ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ၏ ကျယ်ပြန့်သော တာဝန်ဖြစ်ကြောင်း။

စေတနာထား

မိမိတို့ တာဝန်ထမ်းဆောင်နေသည့်ဒေသရှိ ပြည်သူများ သက်ရှည်ကျန်းမာအောင် ကြိုးကြိုးစားစား စေတနာထားဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တမူးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုန်သည်ကြီးများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

6-2 (03) 1 2/6/08, 1:32 AM

ပြည်နယ် ၂၀ကျော်၌ အကြိုရွေးကောက်ပွဲများပြုလုပ် ဟီလာရီကလင်တန်ကို သွေးခွဲသူအဖြစ် ရီပတ်ဘလီကင်တို့ယူဆ

ဝါရှင်တန် ဖေဖော်ဝါရီ ၅

အမေရိကန်သမ္မတလောင်းရွေးပွဲအတွက် ဒီမိုကရက်တစ်ပါတီနှင့် ရီပတ်ဘလီကင်ပါတီတို့မှ ကိုယ်စားလှယ်များသည် ပြည်နယ်ပေါင်း ၂၀ကျော်တွင် အကြိုရွေးကောက်ပွဲများ ဖေဖော်ဝါရီ ၅ရက်က တစ်ပြိုင်တည်း ပြုလုပ်လျက်ရှိကြသည်။

စည်းရုံး

လောလောဆယ်တွင် ဟီလာရီကလင်တန်သည် မစ်ဆူရီပြည်နယ်နှင့် မင်နီယာပိုလစ်တို့သို့ သွားရောက်ပြီး ခင်ပွန်းဖြစ်သူ ဘီလ်ကလင်တန် လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်နေသည်။ အိုဘားမားက ဒီလာဝဲယားပြည်နယ်သို့ ရောက်ရှိနေပြီးသူ့ ဇနီးနှင့် အခြားထောက်ခံသူများက လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်နေကြသည်။

ရီပတ်ဘလီကင်ပါတီမှ မက်ကိန်းသည် ကွန်နက်တီကပ်ပြည်နယ်သို့ ရောက်ရှိနေပြီး ရွမ်နေးက အီလီနွိုက်ပြည်နယ်နှင့် မစ်ဆူရီပြည်နယ်တို့တွင်လည်းကောင်း၊ ဟတ်ကာဘီးက ဂျော်ဂျီယာပြည်နယ်နှင့် တင်နက်ဆီပြည်နယ်တို့တွင် လည်းကောင်း ရောက်ရှိနေသည်။

သူမသာကိုယ်မသာ

အေဘီစီနှင့်ဝါရှင်တန်ပို့စ်သတင်းစာ၏မဲထည့်သူများနှင့် တွေ့ဆုံမေးမြန်းခန့်မှန်းသည့်အခြေအနေအရ ဟီလာရီကလင်တန်နှင့် အိုဘားမားတို့ ရှေ့ဆောင်နှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး လေးရာခိုင်နှုန်းသာ ကွာခြားသည်။ အခြား စစ်တမ်းများမှာမူ သူမသာကိုယ်မသာဟု ဆိုသည်။

ထိုတွေ့ဆုံမေးမြန်း ခန့်မှန်းသည့်အခြေအနေကပင် ရီပတ်ဘလီကင်ပါတီမှ ကိုယ်စားလှယ်လောင်း အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် မက်ကိန်းက ၄၈ ရာခိုင်နှုန်း၊ ရွမ်နေးက ၂၄ ရာခိုင်နှုန်း၊ ဟတ်ကာဘီးနှင့် ရွန်ပေါလ်တို့က နောက်မှလိုက်ဖနေကြောင်း ဖော်ပြထားသည်။

ကိုယ်စားပြု

ဒီမိုကရက်တစ်ပါတီသမ္မတလောင်းရွေးချယ်ခံရရန်လိုအပ်သော ကိုယ်စားလှယ် ၂၀၂၅ဦးအနက် ကယ်လီဖိုးနီးယားပြည်နယ်က ကိုယ်စားလှယ် ၃၇၀ကို ကိုယ်စားပြုလျက်ရှိသည်။

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်က အိုဘားမားသည် ရီပတ်ဘလီကင်တို့၏ ထိုးနှက်မှုကို ရင်ဆိုင်ရန်ပြင်မထားဟု ဝေဖန်လိုက်သည်။

ယူဆ

အိုဘားမားက တုံ့ပြန်ရာ၌ ဟီလာရီကလင်တန်ကို နှစ်ခြမ်းကွဲအောင် သွေးခွဲသူအဖြစ် ရီပတ်ဘလီကင်တို့က ယူဆကြောင်း ပြောကြားလိုက်သည်။ **(အင်တာနက်)**

ရေလွှမ်း

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ရေလွှမ်းမှုဖြစ်ပေါ်နေသည်ကို ဖေဖော်ဝါရီ၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တူရကီစစ်လေယာဉ်များ ကာ့ဒ်သူပုန်များအား ဗုံးကြဲတိုက်ခိုက်

ဆီဒါကန် ဖေဖော်ဝါရီ ၅

တူရကီစစ်လေယာဉ်များသည် အီရတ်မြောက်ပိုင်း နယ်စပ်အနီး ကာ့ဒ်ကျေးရွာအချို့ကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ကာ့ဒ်တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ယင်းတိုက်ခိုက်မှုသည် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင်သေဆုံးမှုနှင့် အပျက်အစီးသတင်း မသိရသေးကြောင်း ကာ့ဒ်တို့က ပြောကြားသည်။

တိုက်ခိုက်

တူရကီနိုင်ငံက ပြီးခဲ့သည့် ဒီဇင်ဘာလကတည်းက ကာဒစ္စတန်အလုပ်သမားပါတီ (ပီကေကေ) ပြောက်ကျားများအား အနည်းဆုံးလေးကြိမ် လေကြောင်းမှ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။

တူရကီစစ်လေယဉ်များ ဖေဖော်ဝါရီ ၃ရက်က တူရကီအရှေ့တောင်ပိုင်းရှိ ကာ့ဒ်တို့အား တိုက်ခိုက်ရာတွင် ပီကေကေ သူပုန်၁၀ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

ဗုံးကြဲ

အဆိုပါ တူရကီစစ်လေယာဉ်များက ဖေဖော်ဝါရီ ၄ရက်က ဗုံးကြဲတိုက်ခိုက်ရာတွင် ခါနီရာနှင့် ခွာကွတ်အပါအဝင် ဆီဒါကန်ခရိုင်တို့ဖြစ်သည်။ **(အင်တာနက်)**

ချဒ်နိုင်ငံ၌ တိုက်ပွဲများဖြစ်ပွား နိုင်ငံခြားသားများ တိုင်းပြည်မှထွက်ခွာ

မော်စကို ဖေဖော်ဝါရီ ၅

ချဒ်နိုင်ငံ၌ အစိုးရတပ်များနှင့် သူပုန်များတိုက်ပွဲဖြစ်ပွားနေ၍ ရုရှား နိုင်ငံက သံရုံးဝန်ထမ်းမိသားစုများကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ကြောင်း၊ သို့သော်လည်း သံရုံးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၄ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၁ ရက်က မြို့တော်အင်ဂျာမီနာအနီး အစိုးရတပ်များနှင့် ချဒ်သမ္မတ အိုင်းဒရစ်ဒေဘီအား ဖြုတ်ချရန် ကြိုးစားနေသောလက်နက်ကိုင် သူပုန်များ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့ရာ အရပ်သားများစွာသေဆုံးခဲ့သည်ဟုဆိုသည်။ တိုက်ပွဲများပြင်းထန်နေ၍ နိုင်ငံခြားသား အများစုသည် ချဒ်နိုင်ငံမှ ထွက်ခွာနေကြကြောင်း၊ သို့ရာတွင် နိုင်ငံခြားသား ၅၆၀သာ ကျန်ရှိတော့ကြောင်း ရုရှားသံရုံးကပြောကြားသည်။

ယင်းကဲ့သို့ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေ၍ ရုရှားနိုင်ငံက အလွန်စိုးရိမ်ပူပန်မိကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ထိုင်းတောင်ပိုင်း ပတ္တနီပြည်နယ်၌ ဗုံးပေါက်ကွဲ ဒေသခံတစ်ဦးသေဆုံး၊ ၁၁ဦးဒဏ်ရာရရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၅

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်တွင် ဖေဖော်ဝါရီ ၄ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားတစ်ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိသွားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ပတ္တနီပြည်နယ် မာယိုခရိုင် ဘန်ကာဆိုကျေးရွာ၌ ဖေဖေါ်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဘန်ကာဆိုကျေးရွာ၌ဒေသဆိုင်ရာ ရိုးရာဓလေ့ ပွဲတော်တစ်ရပ်ဆင်နွှဲနေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအနက် နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်းသိရသည်။

ထိုရိုးရာဓလေ့ပွဲတော်၌ ဒေသခံပြည်သူ ၁၀၀၀ ခန့်ပါဝင်ဆင်နွှဲနေချိန် ဗုံးပေါက်ကွဲခဲ့သော်လည်း အင်အားမပြင်းထန်သောကြောင့် သေဆုံးသူအရေအတွက် နည်းခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာမှခင်းဖြစ်ရပ်

မရည်ရွယ်ခဲ့သော်လည်း

ဒေတန်မြို့သည် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် အနောက်တောင်ပိုင်းရှိမြို့ကလေးဖြစ်သည်။ လူဦးရေနှစ်သိန်းကျော်နေထိုင်ပြီး အတန်အသင့် စည်ကားသည်။

ဒေတန်မြို့တွင် ရှိုင်းနားအာနိဆိုသူ အသက်၂၇နှစ်အရွယ်ရှိ အမျိုးသမီး**(အပေါ်ပုံ)**နေထိုင်သည်။ သူ၏ အမျိုးသားမှာမူ ၂၀၀၅ ခုနှစ်က သူ့သမီးကလေးကို မွေးဖွားခဲ့ပြီး မကြာမီ ဖျားနာပြီးဆုံးပါးသွားခဲ့သည်။ ထို့ကြောင့် သူ၏ မိဘနှစ်ပါးနှင့်အတူ နေထိုင်ခဲ့ရသည်။

ပြန်ပြောင်းသတိရ

ယခင်သူ၏ ခင်ပွန်းရှိစဉ်က သူတို့ မိသားစုဘဝကလေးမှာ ငြိမ်းချမ်းခဲ့သည်။ ခင်ပွန်းဆုံးပါးသွားပြီးနောက် သူ၏ဘဝမှာ ကြမ်းတမ်းခဲ့ကာ အိမ်ထောင်တာဝန်ကို တစ်ဦးတည်း ထမ်းဆောင်ခဲ့ရသည်။ မကြာမီ မတော်တဆဖြစ်ရပ်ကြောင့် တစ်လသားအရွယ် သမီးကလေး ပဲရစ်တယ်လီ သေဆုံးသွားသောအခါ အာနို၏ဘဝတွင် ပဋ္ဌာမြေလူး ရူးမတတ်ခံစားခဲ့ရသည်။ ယင်းအကြောင်းများကို ပြန်လည် စဉ်းစားမိတိုင်း အာနို၏ရင်တွင် မချိမဆံ့ ခံစားရသည်။ မစဉ်းစားချင်သော်လည်း စိတ်အစဉ်တွင် အလိုလို ပေါ်လာကာ အမြဲတမ်းလိုလို သတိရနေမိသည်။ သူ၏ အကြောင်းက ပြန်ပြောင်းသတိရချင်စရာ မဟုတ်သော ကြေကွဲဖွယ်ဇာတ်လမ်းဖြစ်နေလျက် အတိတ်ကို ပြန်ပြောင်းသတိရနေမိပြန်တော့သည်။

မိခင်၏မေတ္တာ

အာနိသည် လွန်ခဲ့သော၂၀၀၄ခုနှစ် အသက် ၂၃နှစ်အရွယ်က သူ့ထက်နှစ်နှစ်ကြီးသော ကုမ္ပဏီဝန်ထမ်းတစ်ဦးနှင့် အကြောင်းပါခဲ့ပြီးမိဘများနှင့် အိမ်ခွဲနေထိုင်ခဲ့သည်။ လက်ထပ်ပြီး တစ်နှစ်အကြာ ၂၀၀၅ ခုနှစ်စတွင် သမီးကလေး ပဲရစ်တယ်လီကို မွေးဖွားခဲ့သည်။ သမီးကလေး မွေးဖွားပြီး ၄၅ ရက်မျှအရ၌ သားသမီးရခါစတွင် ပျော်ရွှင်မဆုံး ဖြစ်နေသော ခင်ပွန်းဖြစ်သူ သေဆုံးခဲ့သဖြင့် သူမ၏ ဘဝမှာ ခိုကိုးရာမဲ့ခဲ့ရပြီး မိဘများနှင့်အတူ ပြန်လည် နေထိုင်ခဲ့ရသည်။ ခင်ပွန်းဖြစ်သူ သေဆုံးပြီး ၁၅ရက်အကြာ သမီးကလေး တစ်လခန့်အရတွင် ဟင်းများ ကြော်လှော်ချက်ပြုတ်နေခဲ့သည်။ သူ၏ သမီးကိုလည်း သူချက်ပြုတ်ကြော်လှော်နေရာ မိုက်ခရိုဝေ့ဖ်မီးဖိုအနီးတွင် သိပ်ထားခဲ့လေသည်။ ပုခက်ထဲတွင်ထားပါက အောက်သို့ပြုတ်ကျပြီး အန္တရာယ်ဖြစ်မည်စိုးသော မိခင်၏ မေတ္တာဖြင့် သူ၏အနီးသို့ ခေါ်ထားခဲ့ခြင်းဖြစ်သည်။

ကံကြမ္မာမုန်တိုင်း

သူချက်ပြုတ်နေစဉ် ဟင်းအိုးထဲသို့ ထည့်ရန် ဟင်းခတ်အမွှေးအကြိုင်ပစ္စည်းတစ်မျိုးလိုနေသည်ကို သတိရသဖြင့် ယင်းပစ္စည်းကို သူနေထိုင်ရာ တိုက်ခန်းနှင့် တစ်ခေါခန့်အကွာရှိ ကုန်စုံဆိုင်သို့ အပြေးအလွှား သွားဝယ်ခဲ့သည်။ ထိုသို့ သွားဝယ်ခဲ့ခြင်းကပင် သူ၏ဘဝတွင် တစ်ပူပေါ်နှစ်ပူဆင့်စေခဲ့သည့် ကံကြမ္မာမုန်တိုင်း၏ ရိုက်ခတ်မှုကို ခံခဲ့ရသည်။

ယူကျုံးမရ

ဈေးဝယ်ပြီး ပြန်လာချိန်တွင် သူမေ့ပြီး မီးဖိုအနီးတွင် သိပ်ခဲ့သော တစ်လသားအရွယ် သမီးကလေးမှာ အသက်မရှိတော့ပေ။ သူ့အဖို့ အသက်ရှူ မှားကာ ရူးမတတ်ခံစားလိုက်ရသည်။ မိဘနှစ်ဦးမှာလည်း အပြင်သွားနေပြီး သူ့သမီးကလေး သေဆုံးပြီး မကြာမီ ပြန်ရောက်လာခဲ့ကြသည်။ လူ့လောက အတွင်းသို့ ရောက်ပြီး မကြာမီ လူ့လောကကို ကျောခိုင်းသွားရရှာသော သမီးကလေးအတွက် သူတို့အားလုံး ယူကျုံးမရ ခံစားကြရသည်။

အတိုင်း အဆမရှိ

ရဲတပ်ဖွဲ့က အာနိသည် ကလေးအား သေကြောင်းကြံစည်ခဲ့သည်ဟုဆိုကာ ရုံးတင်တရားစွဲခဲ့သည်။ ယခုနှစ် ဇန်နဝါရီ ၂၈ရက်က အမှုစတင်ရင်ဆိုင်ခဲ့ရသည်။ အာနို၏ သတိလက်လွတ် ပြုမူမိခဲ့မှုကြောင့် မီးဖိုမှ မိုက်ခရိုဝေ့ဖ် ရောင်ခြည်လှိုင်းများကြောင့် အပြင်ဒဏ်ရာမရဘဲ အတွင်းဒဏ်ရာသင့်ကာ သေဆုံးခဲ့ခြင်းဖြစ်သော်လည်း မျက်မြင်သက်သေ မရှိသဖြင့် အခက်အခဲ ကြုံခဲ့ရသည်။ အမှုတွင် အပြစ်မရှိကြောင်း မငြင်းနိုင်ပါက အာနိသည် သေဒဏ်ကျခံရဖွယ်ရှိသည်။ အာနိအဖို့ ခင်ပွန်းလည်းသေ၊ သမီးလည်းဆုံးကာ သူကိုယ်တိုင်ကြီးလေးသော ပြစ်ဒဏ်ကျခံရမည့် ဆိုးရွားသော ကံကြမ္မာကြောင့် အတိုင်းအဆမရှိ ခံစားနေရသည်။

ဆင်ခြင်ဖွယ်

အာနို၏အလုပ်လုပ်ရာ၌ သတိလက်လွတ်ခဲ့သောဖြစ်ရပ်ကိုသင်ခန်းစာယူပြီး အလုပ်လုပ်ရာ၌ သတိအမြဲထားသင့်သည်ဟု ဤဖြစ်ရပ်က သင်ခန်းစာ ပေးနေပါကြောင်း ဆင်ခြင်ဖွယ် မှုခင်းတစ်ရပ်အဖြစ် တင်ပြ လိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

သမီးကလေး ပဲရစ်တယ်လီ သေဆုံးသွားသောအခါ အာနို၏ဘဝတွင် ပဋ္ဌာမြေလူး ရူးမတတ်ခံစားခဲ့ရ

ပါကစ္စတန်၌ ဗုံးခွဲတိုက်ခိုက် ရှစ်ဦးသေဆုံး၊ ဒဏ်ရာရသူများပြား

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၅

ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့တွင် ဖေဖော်ဝါရီ ၄ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ရှစ်ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ ရာဝါပင်ဒီမြို့ အမျိုးသား ထောက်ပံ့ပို့ဆောင်ရေးရုံးအရှေ့၌ဖေဖော်ဝါရီ ၄ရက် နံနက် ၇နာရီ ၁၅မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ပြောကြားသည်။

ဖြစ်စဉ်မှာ ပါကစ္စတန်တပ်ဖွဲ့ဝင်များအား တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးကို အသေခံဗုံးခွဲသူက မော်တော်ဆိုင်ကယ်ဖြင့် ဝင်ရောက်ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနီးဝန်းကျင်ရှိ လူ ၂၀ခန့်လည်း ဒဏ်ရာရရှိခဲ့သည်။ ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို လုပ်ကြံခံရပြီး နောက်ပိုင်း ရာဝါပင်ဒီမြို့တွင်ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

အီရန်၌ အာကာသစခန်းဖွင့်လှစ် လာမည့်နှစ်၌ ဂြိုဟ်တုလွှတ်တင်မည်

တီဟီရန် ဖေဖော်ဝါရီ ၅

အီရန်နိုင်ငံက သုတေသနဂြိုဟ်တုလွှတ်တင်ရန် အာကာသစခန်းသစ်တည်ဆောက်ဖွင့်လှစ်ကြောင်းကို နိုင်ငံပိုင်ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သွားကြောင်း ဖေဖော်ဝါရီ ၄ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ဒုံးပျံစမ်းသပ်လွှတ်တင်

ဖော်ပြပါပုံမှာ အီရန်နိုင်ငံက လျှို့ဝှက်သဲကန္တာရတစ်နေရာမှ ဒုံးပျံ **(အောက်ပုံ)**ကို စမ်းသပ်လွှတ်တင်လိုက်ခြင်းဖြစ်သည်။ ယင်းပုံကို အီရန်ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ရာ၌ ဖော်ပြခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံက ယင်း၏ပထမဆုံးသော ဂြိုဟ်တုကို လာမည့်နှစ်မတ်လတွင် လွှတ်တင်သွားရန် စီစဉ်နေသည်ဟု ဆိုသည်။

လွှမ်းမိုးခြယ်လှယ်မှု

အီရန်နိုင်ငံ၏ ဒုံးပျံနည်းပညာ တိုးတက်မှုသည် အငြင်းပွားဖွယ်နျူကလီးယားအစီအစဉ်ကို အီရန်နိုင်ငံက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သကဲ့သို့ အနောက်အုပ်စုများ၏ လွှမ်းမိုးခြယ်လှယ်မှုကိုလည်း သတိပေးလိုက်ခြင်းဖြစ်ကြောင်း ဒေသခံသတင်းထောက်များက ပြောကြားသည်။

မြေအောက်ထိန်းချုပ်ရေး

အီရန်နိုင်ငံက တည်ဆောက်ဖွင့်လှစ်လိုက်ပြီဖြစ်သော အာကာသစခန်းသည် သဲကန္တာရ၌ရှိပြီး မြေအောက်ထိန်းချုပ်ရေးစခန်းတစ်ခုနှင့် ဒုံးပစ်စင်တစ်ခုပါဝင်သည်။

၂၀၀၅ခုနှစ်အောက်တိုဘာလတွင် ရုရှားဒုံးပျံတစ်စင်းက အီရန်နိုင်ငံ၏ ပထမဆုံးစီနာ -၁ ဟု အမည်ပေးထားသော ဂြိုဟ်တုကိုလွှတ်တင်ပေးခဲ့သည်။ ယင်းဂြိုဟ်တုသည် ဓာတ်ပုံဆိုင်ရာပစ္စည်းများနှင့် ဆက်သွယ်ရေးပစ္စည်းများသယ်ဆောင်သွားခဲ့သည်။

(အင်တာနက်)

ကင်ညာ၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွား နေအိမ်များ မီးရှို့ခံရ၍ ပြည်သူများအတိဒုက္ခကြုံတွေ့

နိုင်ရိုဘီ ဖေဖော်ဝါရီ ၅

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ဒီဇင်ဘာလရွေးကောက်ပွဲပြီးနောက် နိုင်ငံရေးတင်းမာမှု အကျပ်အတည်းများကြောင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက် ရှိသည်။

ပြည်သူများစွာသေဆုံး

ကင်ညာသမ္မတ ကီဘာကီနှင့် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့သည် သဘောတူညီချက် တစ်ရပ်လက်မှတ်ရေးထိုးရန် ကြိုးစားခဲ့သော်လည်း လွန်ခဲ့သော နှစ်ရက်က အကြမ်းဖက်မှုများကြောင့် ပြည်သူများစွာသေဆုံးခဲ့ကြရသည်ဟု ဆိုသည်။

စွန့်ခွာထွက်ပြေး

လွန်ခဲ့သော သီတင်းပတ်များအတွင်း ကင်ညာနိုင်ငံ၌ နိုင်ငံရေးတင်းမာမှုကြောင့် လည်းကောင်း၊ လူမျိုးစုများအချင်းချင်း အကြမ်းဖက် တိုက်ခိုက်၍လည်းကောင်း ပြည်သူများ ရာချီပြီးသေဆုံးခဲ့ရသည့်အပြင် ထောင်ပေါင်းများစွာသော ပြည်သူများမှာလည်း နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။

ဆင်းရဲဒုက္ခရောက်

မကြာမီက ဉာဏ်ဇာပြည်နယ်၌ ရဲတပ်ဖွဲ့နှင့် လူငယ်ဂိုဏ်းအဖွဲ့များ အကြမ်းဖက်မှုဖြစ်ပွားရာ နေအိမ်တစ်ရာကျော်**(ယာပုံ)**မီးလောင်၍ ပြည်သူများ အတိဒုက္ခ ရောက်နေကြရသည်။

(အင်တာနက်)



အမေရိကန်တို့ မဆင်မခြင် ဗုံးကြဲတိုက်ခိုက်မှု အပြစ်မဲ့ အီရတ်ပြည်သူများ သေကြေနေရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၅

ဘဂ္ဂဒက်မြို့တောင်ဘက်၌ အမေရိကန်တို့က လေကြောင်းမှ မဆင်မခြင်ဗုံးကြဲတိုက်ခိုက်သဖြင့် အပြစ်မဲ့အရပ်သား ကိုးဦး သေဆုံးသွားကြောင်း၊ ယင်းတိုက်ခိုက်မှုမှာ မတော်တဆတိုက်ခိုက်မိခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အဆိုပါ သေဆုံးသွားသောအရပ်သားများ၏ အလောင်းများကို မြို့တော်ဘဂ္ဂဒက်မှ မိုင် ၃၀အကွာ အစ္စကန်ဒါရီယာမြို့အနီး၌ ဖေဖော်ဝါရီ ၂ရက်က တွေ့ရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

လူ၂၀သေဆုံး

ယင်းလေကြောင်း တိုက်ခိုက်မှုကြောင့် လူ၂၀သေဆုံးသွားကြောင်း မျက်မြင် တွေ့ရှိသူများက ပြောကြားသည်။ မိသားစု တစ်စုတည်းတွင် ၁၇ဦး သေဆုံးသွားသည်ဟု ဆိုသည်။

မှားယွင်းဗုံးကြဲ

ထိုသို့ မတော်တဆ မှားယွင်းဗုံးကြဲတိုက်ခိုက်မိသည့်အတွက် ဝမ်းနည်းကြောင်း၊ စာများပေးပို့ခဲ့ကြောင်း၊ ယင်းအတွက် စုံစမ်း စစ်ဆေးနေကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြသည်။

(အင်တာနက်)

သီရိလင်္ကာ၌ ဗုံးများဆက်တိုက်ပေါက်ကွဲ

ကိုလံဘို ဖေဖော်ဝါရီ ၅

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း၌ အရပ်သား ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးဖောက်ခွဲ တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံး ၁၂ဦးသေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၄ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အနုရဒ္ဓါမြို့အနီး၌ဖြစ်ပွား

အဆို ပါဗုံးခွဲ တိုက်ခိုက်မှုသည် အနုရဒ္ဓါမြို့အနီး၌ ဖြစ်ပွားခဲ့ကြောင်း သီရိလင်္ကာ စစ်ဘက်က ပြောကြားသည်။

ထိုနေ့ အစောပိုင်းက မြို့တော်ကိုလံဘို၌ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပလျက်ရှိသည်။

ပေါက်ကွဲမှုဖြစ်

လွတ်လပ်ရေးနေ့ အခမ်းအနားတွင် သမ္မတရာဂျာပက်ခ်ဆာ မိန့်ခွန်းပြောကြားပြီး မကြာမီ အဆိုပါဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ ယခုဗုံးပေါက်ကွဲမှု အပါအဝင် သုံးရက်ဆက်တိုက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်းတို့မှာ ဖေဖော်ဝါရီ ၂ရက်က ဒမ်ဘူလ်လာမြို့၌ ဘတ်စ်ကားတစ်စီးပေါ်တွင် ဗုံးပေါက်ကွဲခဲ့ရာ ၁၈ဦးသေဆုံးခဲ့ရသည်။

ဘူတာ၌ ဗုံးပေါက်ကွဲ

ဖေဖော်ဝါရီ၃ရက်ကလည်း ကိုလံဘိုမြို့ မီးရထားဘူတာရုံ၌ ဗုံးပေါက်ကွဲခဲ့သည်။ ဖေဖော်ဝါရီ၄ရက်တွင် အနုရဒ္ဓါမြို့အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အစ္စရေးတို့ ပစ်ခတ်မှု လက်ဘနွန်တစ်ဦးသေဆုံး

ဘေရွတ် ဖေဖော်ဝါရီ ၅

အစ္စရေးတို့ ပစ်ခတ်မှုကြောင့် လက်ဘနွန်နိုင်ငံသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း လက်ဘနွန်စစ်ဘက်မှ ဖေဖော်ဝါရီ ၅ရက်က ပြောကြားသည်။

သေဆုံး

အစ္စရေးတပ်ဖွဲ့ဝင်များက အစ္စရေးနိုင်ငံမြောက်ပိုင်းမှနေ၍ ဒုံးကျည်များဖြင့် နယ်စပ်ကျော်ကာ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အစ္စရေးတို့က မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများ အစ္စရေးနယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ခြင်းကြောင့် မိမိတို့ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်၌ရင်ဆိုင်နေရသော ဆီးနှင်းမုန်တိုင်း ကြိုတင်သတိပေးနိုင်ခြင်း မရှိခဲ့ဟုဆို

ပေကျင်း ဖေဖော်ဝါရီ ၅

တရုတ်နိုင်ငံ၌ ဆီးနှင်းမုန်တိုင်းများ တိုက်ခတ်သဖြင့် ပြည်သူများရာထောင်ချီ၍ သောင်တင်နေဆဲဖြစ်သည်။ ယင်းအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် သတိပေးနိုင်ခြင်းမရှိခဲ့ကြောင်း တရုတ်မိုးလေဝသ ကျွမ်းကျင်ပညာရှင်များက ဝန်ခံပြောကြားသည်။

အဆိုးရွားဆုံးဖြစ်ခဲ့

အဆိုပါ ဆီးနှင်းမုန်တိုင်းသည် လွန်ခဲ့သော သီတင်းပတ်များက ဖြစ်ပွားခဲ့ရာ တရုတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များတွင် အဆိုးရွားဆုံးဖြစ်ခဲ့သည်ဟု ဆိုသည်။

တရုတ်ပြည်သူ သန်းတစ်ရာခန့် မုန်တိုင်းဒဏ်ကိုခံစားရပြီး နှစ်သိန်းခန့်ဖျားနာနေကြသည်ဟုဆိုသည်။

ရက်နှင့်ချီ၍စောင့်ဆိုင်း

ရာထောင်ချီသော ပြည်သူများ ရွှေ့ပြောင်း အလုပ်သမားများသည် ဘူတာရုံများ၊ လမ်းများပေါ်တွင် ပိတ်မိနေကြပြီး ရက်နှင့်ချီ၍ စောင့်ဆိုင်းနေကြရသည်ဟု ဆိုသည်။

(အင်တာနက်)

ဆီးနှင်းခဲများ ဖယ်ရှား

တရုတ်နိုင်ငံ ဒေသအများအပြား၌ အပူချိန် ရေခဲမှတ်အောက်ကျဆင်းကာ ဆီးနှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် လမ်းမကြီးများပေါ်တွင် ဆီးနှင်းခဲဖယ်ရှားရေးလုပ်ငန်းများ ဆောင်ရွက်နေရသည်ကို ဖေဖော်ဝါရီ၅ရက်က ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ထိုင်းတောင်ပိုင်း ယာလာပြည်နယ်၌ ဗုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင်နှင့် အရပ်သားသုံးဦးစီ ဒဏ်ရာရရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၅

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ဖေဖော်ဝါရီ၄ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် ထိုင်းရဲတပ်ဖွဲ့ဝင်သုံးဦးနှင့်အရပ်သားသုံးဦး ဒဏ်ရာရရှိသွားကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်မှာ ဖေဖော်ဝါရီ၄ရက်က ယာလာပြည်နယ် မန်ခရိုင်ရှိ ဈေးဆိုင်တစ်ဆိုင်ရှေ့၌ မွန်းတည့်၁၂နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိုဘိုင်းလ်ဖုန်းကိုအသုံးပြု

အဆိုပါဗုံးမှာ မိုဘိုင်းလ်ဖုန်းကို အသုံးပြု၍ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဆိုင်ရှေ့ရှိ လုံခြုံမှုစစ်ဆေးရေးစခန်းတစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်

ယခုဗုံးခွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူအရပ်သားများတွင် သုံးဦးစလုံးမှာ အမျိုးသမီးများဖြစ်သည်။ ထိုင်းတောင်ပိုင်း ပြည်နယ်သုံးခုတွင် ၂၀၀၄ခုနှစ်မှစတင်ကာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ ၂၈၀၀ခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။

(အင်တာနက်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

✦ **ရုရှားနိုင်ငံက ကုန်တင်အာကာသယာဉ် ပရိုဂရက်စ်အမ်-၆၂ ကို ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ အောင်မြင်စွာလွှတ်တင်လိုက်သည်။** (အပေါ်ပုံ)

✦ ချီလီနိုင်ငံမြောက်ပိုင်း အီကွိုင်ကွီမြို့၌ ဖေဖော်ဝါရီ ၅ ရက်က အင်အား ရစ်ချ်ရိတာစကေး ၆ ဒသမ ၃ ရှိ ငလျင်လှုပ်ခဲ့ရာ အီကွိုင်ကွီမြို့၌ အဆောက်အအုံများပြိုကျခဲ့ပြီး ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

✦ **ပြင်သစ်အင်ဂျင်နီယာများ ဖေဖော်ဝါရီ ၅ ရက်က တစ်နာရီလျှင် မိုင် ၃၆၀ ခုတ်မောင်းနိုင်သော ကမ္ဘာ့အမြန်ဆုံးရထားတစ်စင်းကို တီထွင်လိုက်သည်။**

✦ ကနေဒါနိုင်ငံ အွန်တာရီရိုပြည်နယ်တွင် ဖေဖော်ဝါရီ ၅ ရက်က မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်ထဲ ထိုးကျသွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့သည်။

✦ **အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့ မြောက်ဘက် မိုင် ၂၀၀ ခန့်အကွာ မြစ်တစ်ခု အတွင်း ဖေဖော်ဝါရီ ၅ ရက်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ငါးဦး သေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိသည်။**

✦ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ ကီလိုမီတာ ၂၀ ခန့်အကွာ ဆက်ဘို ကျေးရွာ၌ ဖေဖော်ဝါရီ ၄ ရက်က မြေပြိုမှုဖြစ်ပွားရာ နေအိမ်သုံးလုံး ပျက်စီးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

✦ **ပီရူးနိုင်ငံ လီမာမြို့ကမ်းခြေ၌ ဒိုမင်ဂိုပီရာနိုဇီအမည်ရှိ ရေလွှာလျှောစီးသူ တစ်ဦးမှာ ဖေဖော်ဝါရီ ၄ ရက်က ကြောင်တစ်ကောင်နှင့် သုံးနာရီကြာ အောင် ရေလွှာလျှောစီးခဲ့သည်။**

✦ နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့၌ ဖေဖော်ဝါရီ ၅ ရက်က မော်တော်ယာဉ် တစ်စီး အရှိန်မထိန်းနိုင်ဘဲ တံတားတစ်စင်းပေါ်မှ အောက်သို့ ထိုးကျခဲ့ရာ နှစ်ဦးသေဆုံးခဲ့သည်။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၅-၂-၂၀၀၈

ဆီးနှင်းကျဆင်းမှုဒဏ်ခံရသည့် တရုတ်ပြည်သူများအတွက် စင်ကာပူက ဒေါ်လာ ငါးသိန်းကူညီမည်

တရုတ်နိုင်ငံတွင် ဆီးနှင်းများဆိုးရွားစွာ ကျဆင်းနေသည့် ဒေသများမှ ပြည်သူများအတွက် စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ကူညီမည်ဖြစ်ကြောင်း စင်ကာပူအစိုးရက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံရှိ ဆီးနှင်းကျသောဒေသများ၌ သယ်ယူပို့ဆောင်ရေးအခက် အခဲများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ကောက်ပဲသီးနှံများ ပျက်စီးမှုနှင့် ရင်ဆိုင် နေရသည့်အတွက် စင်ကာပူက ကူညီပေးခြင်းဖြစ်ကြောင်း စင်ကာပူ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းအား လေကြောင်းမှ တိုက်ခိုက်ရာ ပါလက်စတိုင်း လက်နက်ကိုင်အဖွဲ့မှ အရာရှိတစ်ဦးသေဆုံးပြီး အခြားလူများလည်း ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်မှုမှာ ဂါဇာကမ်းမြောင်ဒေသရှိ ဘိတ်လာဟိုင်မြို့ဖြစ်ပြီး သေဆုံးသွားသူမှာ ပါလက်စတိုင်း လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ပီအာရ်စီအဖွဲ့မှ ခေါင်းဆောင် အမာကာမွတ်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရေနံထုတ်လုပ်မှု အင်ဒိုနီးရှားတိုးမြှင့်မည်

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုနှစ်၌ တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၀၅သန်း ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားသည် အရှေ့တောင်အာရှနိုင်ငံများ၌ တစ်ခုတည်းသော အိုပက်အဖွဲ့ဝင် နိုင်ငံဖြစ်ပြီး အိုပက်ခွဲတမ်းအရ တစ်နေ့လျှင် ရေနံစည် ၁ ဒသမ ၄ သန်းထုတ်လုပ်ရန် သတ်မှတ်ထားသော်လည်း ပြီးခဲ့သည့်နှစ်က ရေနံထုတ်လုပ်မှု ကျဆင်းခဲ့သည်။

တောင်/ မြောက် ကိုရီးယား ပူးတွဲအားကစားအဖွဲ့ ပေကျင်းအိုလံပစ်ပွဲတော်သို့ စေလွှတ်မည်

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံက ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် ပူးတွဲအားကစားအဖွဲ့တစ်ဖွဲ့ စေလွှတ်မည် ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံ အားကစားသမား ၆၀၀ပါရှိသော ပူးတွဲအားကစားအဖွဲ့ကို တရုတ်နိုင်ငံ၌ လာမည့် ဩဂုတ်၈ရက်မှ၂၄ရက်အထိ ကျင်းပမည့် ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်သို့စေလွှတ်ရန် မိမိတို့သဘောတူညီမှု ရရှိခဲ့ပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သဘာဝဘေးဒဏ်သင့် ဘင်္ဂလားဒေ့ရှ်ပြည်သူများအတွက် မလေးရှား ငွေလှူဒါန်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ သဘာဝဘေးဒုက္ခ ကြုံတွေ့ခံစားနေရသော ဒေသခံ ပြည်သူများအတွက် မလေးရှားနိုင်ငံက အလှူငွေ အမေရိကန်ဒေါ်လာ ၂၇၀၀၀၀ ပေးပို့ လှူဒါန်းခဲ့ကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုနှင့် ရေလွှမ်းမှုများကြောင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ ၁၀သန်းခန့်မှာ သဘာဝဘေးဒုက္ခ ခံစားနေကြရသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ယခုကဲ့သို့ ငွေကြေးများ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အီးယူ ပိုမိုဆောင်ရွက်သင့်

ဥရောပသမဂ္ဂ (အီးယူ)အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၌ ပိုမိုတက်ကြွစွာပါဝင် ဆောင်ရွက်သင့်ကြောင်း အီဂျစ်သမ္မတ မူဘာရက်က တိုက်တွန်းလိုက်သည်။

ပါလက်စတိုင်းနှင့် အစ္စရေး ကိစ္စနှင့် အီရန်နျူကလီးယား ပြဿနာများ အပါအဝင် အီရတ်နိုင်ငံ အရေးအရာများကို တက်ကြွစွာ ပါဝင်လုပ်ကိုင် သင့်သည်ဟု ၎င်းက ပြောကြားသည်။

ဘဝဒဿနအမြင်

✻ *Do not turn back when you are just at the goal.*
ပန်းတိုင်ရောက်ခါနီး နောက်ပြန်မလှည့်ရာ။
ပတ်ဘလီလီယပ်စ်ဆိုင်ရပ်စ် (အတွေးအခေါ်ပညာရှင်)

— — — — —

✻ *It is a great ability to be able to conceal one's ability.*
အရည်အချင်းကို သိုသိပ်နိုင်စွမ်းရှိခြင်းသည် ကြီးမြတ်သော အရည်အချင်းတစ်ရပ်ပင်ဖြစ်သည်။
ဖရန်ကိုအစ်ဒီလာရိုချီဖော်ကော့ဒ် (စိတ္တဗေဒပညာရှင်)

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မောင်မောင်မြင့်ဆွေ

ကျီစယ်မှု လွန်ကဲလျှင်----

တူရကီနိုင်ငံ လစ္စဘွန်းမြို့တွင် ဖေဖော်ဝါရီ ၄ရက်က ဦးလေးဖြစ်သူ တစ်ဦး၏ ကျီစယ်မှုကြောင့် သုံးနှစ်အရွယ် တူမငယ်တစ်ဦး သေဆုံးခဲ့ရသည်။

အသက် ၄၅နှစ်အရွယ် ဒွန်ဟာဂီအမည်ရှိ ဦးလေးဖြစ်သူသည် အိမ်ခြံဝင်း အတွင်းရှိ ဒန်း၌ သုံးနှစ်အရွယ် တူမငယ်ကို တင်ကာ အရှိန်ပြင်းစွာ အကြိမ်ကြိမ်လွှဲပြီး ကျီစယ်မှုပြုနေစဉ် ဒန်းကြိုးပြတ်ပြီး တူမငယ်အဝေးသို့ လွင့်စဉ်ကာ ခြံစည်းရိုး အုတ်တံတိုင်းနှင့် ဦးခေါင်းဆောင့်မိ၍ သေဆုံးသွားခဲ့သဖြင့် မိသားစုတစ်စုလုံး ကြေကွဲခဲ့ရသည်။ ကလေးငယ်များကို ကျီစယ်မှုလွန်ကဲ ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည်မှာ သင်ခန်းစာယူစရာပင် ---

နိုင်ငံခြားသတင်း ဘာသာပြန်ဆိုရာတွင်....

အမ်အမ်အေ

တရုတ်နိုင်ငံတွင် ဆီစားသုံးမှုမြင့်တက်လာကြောင်း သတင်းတစ်ပုဒ်ကို ဘာသာပြန်ဆိုဖော်ပြပါမည်။ ခေါင်းစဉ်နှင့် ပထမစာပိုဒ်မှာ အောက်ပါ အတိုင်း ဖြစ်သည်-

Chinese edible oil consumption to hit 22.5 mln tons in '08

BEIJING, 4 Feb-

Chinese edible oil consumption is likely to reach 22.5 million tons in 2008, up 1.5 million tons , from last year's 21 (million) tons, a high ranking official from the State Grain Administration (SGA) said on Saturday.

သတင်းခေါင်းစဉ်ကို **"၂၀၀၈ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ဆီစားသုံးမှု တန်ချိန် ၂၂ဒသမ ၅သန်းအထိရှိနိုင်"**ဟု ပြန်ဆိုနိုင်ပါသည်။ ခါတိုင်းထက်မြင့် တက်ခြင်း၊ ထူးခြားသည့်အဆင့်သို့ ရောက်ရှိခြင်းအဓိပ္ပာယ်ဖြင့် hit ကို သုံးထားပါသည်။

ပထမစာပိုဒ်ပြန်ဆိုချက်။ ။ပေကျင်းမှလာသည့် ဆင်ဟွာသတင်းတစ်ပုဒ် တွင် ၂၀၀၈ခုနှစ်တွင် တရုတ်လူမျိုးများ၏ ဆီစားသုံးမှုပမာဏသည် တန်ချိန် ၂၂ဒသမ ၅သန်းအထိ မြင့်တက်လာဖွယ်ရှိသည်ဟုဆိုသည်။ နိုင်ငံတော် သီးနှံ ကွပ်ကဲမှုအဖွဲ့၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စနေနေ့က ပြောကြားရာတွင် ဖော်ပြပါပမာဏသည် ယမန်နှစ်က စားသုံးမှုပမာဏတန်ချိန် ၂၁သန်းနှင့် နှိုင်းယှဉ်ပါက ၁ဒသမ ၅သန်းတိုးမြင့်လာခြင်းဖြစ်မည်ဟု ဆိုသည်။

According to SGA statistics, Chinese consumption of edible oil increased at a stable rate due to the improved life brought by the economic boom. The consumption per capita now reached 17Kilo-grammes annually, almost double that of a decade ago.

ဒုတိယစာပိုဒ်ပြန်ဆိုချက်။ ။တရုတ်နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက် လာမှုကြောင့် လူနေမှုအဆင့်အတန်းမြင့်မားကာ ဆီစားသုံးမှုသည်လည်း တရိပ်ရိပ် မြင့်တက်လာလျက်ရှိကြောင်း ဖော်ပြပါအဖွဲ့၏ ကိန်းဂဏန်းများက ဖော်ညွှန်း လျက်ရှိသည်။ လူတစ်ဦးချင်း၏ တစ်နှစ်ဆီစားသုံးမှုမှာ ၁၇ကီလိုဖြစ်ရာ ဤသည်မှာ လွန်ခဲ့သည့် ၁၀နှစ်က တစ်ဦးချင်းစားသုံးမှု ပမာဏ၏ နှစ်ဆ နီးပါးပင်ဖြစ်သည်။

Two-thirds of edible oil materials in China, the largest global consumer, relies on imports. MNA/Xinhua

တတိယစာပိုဒ်ပြန်ဆိုချက်။ ။ကမ္ဘာတွင် စားသုံးသူဈေးကွက်အကြီးဆုံး ဖြစ်သည့် တရုတ်နိုင်ငံသည် စားသုံးဆီနှင့်ပတ်သက်သည့် ကုန်ပစ္စည်း သုံးပုံနှစ်ပုံကို ပြည်ပမှ တင်သွင်းနေရသည်။

သုံးသပ်ချက်

ပထမပိုဒ်မှ a highranking official ကို ထိပ်တန်းအရာရှိ၊ အဆင့်မြင့် အရာရှိဟုမပြန်ဘဲ အများနားလည်လွယ်သည့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဟုပြန်ဆိုပါသည်။ ပထမစာပိုဒ်တွင် ဝါကျရှည်နေသဖြင့် ဝါကျနှစ်ကြောင်း ခွဲလိုက်ပါသည်။ မူရင်းသတင်းတွင် ကိန်းဂဏန်းများလွဲချော်မှု၊ (သန်း)စကားလုံး ကျန်ခဲ့မှုတို့ရှိသည်ကိုအမှန်ပြင်ထားပါသည်။ ဘာသာပြန်ဆိုရာတွင် ကိန်းဂဏန်း များကို အထူးဂရုပြုဖို့ရန် လိုအပ်ပါသည်။ ။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ်



ကန်တော်ယန်သစ်ခက် ရေလွှဲဆည်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် လယ်မြေဧက ၁၂၀၀၀ကို ရေပေးဝေလျက်ရှိသည့် ကန်တော်ယန်သစ်ခက်ရေလွှဲဆည်ကို ဝေဟင်မှ ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ပန်ဝါဒေသမြင်ကွင်း

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးခဲ့သည့် ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါဒေသ၏ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းပသာဒ။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြု

စဉ်	အကြောင်းအရာ	[illegible]	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	[illegible]	ဧက	[illegible]	[illegible]	[illegible]
၂	[illegible]	။	–	၄	၄
၃	[illegible]	[illegible]	–	[illegible]	[illegible]
၄	[illegible]	မိုင်	[illegible]	၁၈၀၈	[illegible]
၅	[illegible]	စင်း	၂၇	၆၄	[illegible]
၆	[illegible]	။	၆၄	၈၂	၁၈
၇	[illegible]	[illegible]	၂၀	၃၁	၁၁
၈	[illegible]	[illegible]	၁၂	၅၅	၄၃
၉	[illegible]	။	–	၁၅	၁၅
၁၀	[illegible]	ခု	၁	၅	၄
၁၁	[illegible]	ခု	၆၀၁	၈၈၅	၂၈၄
၁၂	[illegible]	ကျောင်း	[illegible]	[illegible]	[illegible]
၁၃	[illegible]	။	၁	၄	၃
၁၄	[illegible]	။	–	၃	၃
၁၅	[illegible]	။	–	၂	၂
၁၆	[illegible]	ခု	၁၅	၂၅	၁၀
၁၇	[illegible]	။	–	၃	၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် လမ်းပန်း ဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသော မိုးကောင်းတံတား၏ ခံ့ညားထည်ဝါမှု မြင်ကွင်း။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)

ကချင်ပြည်နယ် အတွင်းရှိ ကျောင်းသား ကျောင်းသူများ အဆင့်မြင့်နည်းပညာကို လက်လှမ်းမီ သင်ကြားနိုင်ရေးအတွက် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)ကို ဤသို့ခံ့ထည်စွာ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုနေ့ သန္နိဋ္ဌာန်

ခြင်ကျား

(မအူပင်)

အသီးတစ်ရာ အညာတစ်ခု ဒို့ပြည်ထောင်စု

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် တိုင်းရင်းသား ကိုယ်စားလှယ်များသည် ကိုလိုနီလက်အောက် သူ့ကျွန်ဘဝမှ လွတ်လပ်သော "ပြည်ထောင်စုမြန်မာနိုင်ငံ"အဖြစ် နေထိုင်ကြရန် ပင်လုံမြို့၌ ပဋိညာဉ်ပြုခဲ့ကြပေသည်။ ပဋိညာဉ်ပြုခဲ့သော ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် အသိအမှတ်ပြု မော်ကွန်းတင်လာခဲ့သည်မှာ (၆၁)နှစ် ပြည့်မြောက်ခဲ့တော့မည် ဖြစ်ပါသည်။

အနာဂတ်လွတ်လပ်သော မြန်မာနိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၉၄၇ခုနှစ်က ရေးဆွဲခဲ့ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ ရေးဆွဲရမည်ဖြစ်သော်လည်း ပဒေသရာဇ်တို့အပေါ် လိုက်လျောခဲ့ရသည့် ဖက်ဒရယ်မူတစ်ရပ် ပါရှိလာခဲ့ပါသည်။ ထို ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖဆပလ ပမာဏညီလာခံ၌ ဖဆပလ ပါတီဝင် ၁၁၁ဦးဖြင့် မူများရှာဖွေပြီး ဖဆပလညီလာခံက အတည်ပြုကာ အမြန်ညှိနှိုင်းရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရန် အာမခံနိုင်ခြင်းမရှိသော ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြောင့် ၁၉၇၄ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ၉၇ဦးက ရေးဆွဲခဲ့ပါသည်။ သို့သော် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တစ်ပါတီစနစ်ကို အခြေခံ ရေးဆွဲခဲ့သောကြောင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးအတွက် အဟန့်အတား ဖြစ်ခဲ့ပါသည်။

"တိုင်းပြည်ရဲ့ နိုင်ငံရေး အင်အားစုတွေဟာ အကွဲကွဲအပြားပြားဖြစ်နေမယ်ဆိုရင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရန်အတွက် အခက်အခဲ ဖြစ်နေနိုင်တယ်။ ဒီလို မညီမညွတ်ဖြစ်ပြီး တိုက်ခိုက်လာခဲ့ကြလို့လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဟာ အခြားနိုင်ငံတွေနဲ့ယှဉ်လျှင် အများကြီး နောက်ကျကျန်ခဲ့တယ်။ ဆက်ပြီးတိုက်ခိုက်နေမယ်ဆိုရင်လည်း တိုင်းပြည်မှာ လက်ရှိအခြေအနေကနေ တက်မလာတော့ဘဲ ပိုပြီး နစ်မွန်းဖို့သာရှိတော့မယ်ဆိုတာ မိမိတို့ နားလည်သဘောပေါက်ခဲ့တယ်။ ဒါကြောင့် တပ်မတော်ဟာ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်ဖို့ တာဝန်ရှိလာတယ်။"

နှစ်(၅၀)ပြည့် ရွှေရတုတပ်မတော်နေ့တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်၏ခံယူချက်ကို အထက်ပါအတိုင်း မိန့်ကြားခဲ့ဖူးပါသည်။

တပ်မတော်သည် တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရန် အာမခံနိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ရေးဆွဲရမည်။ ထိုသို့ ရေးဆွဲရာတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခြေခံမှသာ ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေရရှိမည်ဟု ယုံကြည်ခဲ့သည်။

တပ်မတော်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အခြေခံ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့သည်။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အချင်းချင်း ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပြီး နယ်စပ်ဒေသ အသီးသီး၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုများလည်း သိသိသာသာ တိုးတက်လာခဲ့သည်။

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကိုအခြေခံ၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့သည်။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအချင်းချင်း ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပြီး နယ်စပ်ဒေသအသီးသီး၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှု များလည်း သိသိသာသာတိုးတက်လာခဲ့သည်။

နှစ်ပေါင်း လေးဆယ်ကျော်တိုင်တိုင် တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုမရှိသဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်း၍ တပ်မတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းတာဝန်ပေး၍ ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသများ၌ စီးပွားရေး အခြေခံအဆောက်အအုံ တည်ဆောက်မှုအပိုင်း၊ လမ်းပန်းဆက်သွယ်မှုကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ဒေသနေ ပြည်သူများ၏ လူမှုဘဝကို နှစ်ပေါင်း မြောက်မြားစွာ ဟန့်တားခြိမ်းခြောက်ခဲ့သော သောင်းကျန်းမှု အန္တရာယ်မှ လွတ်မြောက်စေပြီး ငြိမ်းချမ်းသာယာသည့် ဘဝကို ရောက်ရှိစေခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ပတ်သက်၍ နယ်စပ်ဒေသများ၌ ကိုလိုနီခေတ်အမွေဆိုးအဖြစ် နှစ်ပေါင်း ၁၀၀ကျော် အမြစ်တွယ်လာခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ချုပ်ငြိမ်းအောင်

နိုင်ငံတော်က မျှော်မှန်းသည့် ဒီမိုကရေစီလူ့ဘောင်သည် ဘိုးဘွားအမွေအနှစ် တစ်ရပ်ဖြစ်သော ပြည်ထောင်စုကြီးကို မယိုင်လဲမပြိုကွဲစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့်၊ တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ပေါင်းစည်းနေထိုင်ကြ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြမည့်၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ် ကောင်းများကို မျှဝေခံစားမည့်၊ တိုင်းရင်းသားမျိုးနွယ် အသီးသီး၏ အကျိုးစီးပွားများကို မျှမျှတတ ဖော်ဆောင်မြှင့်တင် ထိန်းသိမ်းမည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အသက်နှင့် ထပ်တူထိန်းသိမ်းစောင့်ရှောက်သွားကြမည့် ပြည်ထောင်စုတိုင်းရင်းသားများ၏ လူ့ဘောင်ဘဝသည် စည်းလုံးခြင်း၊ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်းတို့ဖြင့် ပိုမိုတိုးတက်ဖြစ်ထွန်းလာတော့မည်ဖြစ်သည်။

ခြင်ကျား
(မအူပင်)

ပြိုကွဲရေး၊ တိုင်းရင်းသား
ချုပ်အခြာအာဏာတည်တံ့
းသားလက်နက်ကိုင် အဖွဲ့
ည် စည်းလုံးညီညွတ်ရေးကို
တိုင်းရင်းသားလက်နက်ကိုင်
ည်မှုတည်ဆောက်နိုင်ခဲ့ပြီး
မ်အေးချမ်းမှုနှင့် လုံခြုံမှု
ခဲ့သည်။

သ အသီးသီး၏ တည်ငြိမ်အေးချမ်းမှုနှင့်

အေးချမ်းမှုနှင့် လုံခြုံမှုမရှိသဖြင့် ဖွံ့ဖြိုးမှု
က်ရေးကို ရည်မှန်း၍ တပ်မတော်သည်
က်ရေးဗဟိုကော်မတီနှင့် နယ်စပ်ဒေသနှင့်
သာရေးဝန်ကြီးဌာနကို ဖွဲ့စည်းတာဝန်ပေး၍
ခံအဆောက်အအုံ တည်ဆောက်မှုအပိုင်း၊
များ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင်

ပါင်း မြောက်မြားစွာ ဟန့်တားခြိမ်းခြောက်
ငြိမ်းချမ်းသာယာသည့် ဘဝကို ရောက်ရှိ

ပ်ဒေသများ၌ ကိုလိုနီခေတ်အမွေဆိုးအဖြစ်
းဝါး စိုက်ပျိုးထုတ်လုပ်မှု ချုပ်ငြိမ်းအောင်

နိုင်ငံတော်က ဦးဆောင်၍ ၁၅နှစ် စီမံကိန်းရေးဆွဲချမှတ်လျက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သော ဒေသခံပြည်သူများ အခြားနည်းလမ်းဖြင့် အစားထိုး ဝင်ငွေရရှိရေးအတွက် ၁၉၉၉–၂၀၀၀ ပြည့်နှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာ နယ်စပ်ဒေသများ၌ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု တဖြည်းဖြည်းလျော့နည်းကျဆင်း လာပြီဖြစ်ကြောင်း နိုင်ငံတကာကပင် လက်ခံအသိအမှတ်ပြုခဲ့ကြသည်။

မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကို ထုတ်လုပ်မှုပပျောက်ရေး၊ ကာကွယ်တားဆီးနှိမ်နင်းရေးနှင့် သုံးစွဲမှုပပျောက်ရေးဟူသည့် နည်းဗျူဟာသုံးရပ်ဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် နယ်စပ်ဒေသများတွင်သာမက တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးကင်းစင်စေရန် ဆောင်ရွက်နေပြီဖြစ်သည်။

အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ရက်မှ ၁၉၉၆ခုနှစ်အထိ ကျင်းပနိုင်ခဲ့ပြီး အစုအဖွဲ့ ရှစ်ဖွဲ့တွင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များပါဝင် တက်ရောက်နိုင်ခဲ့သည်။ ၂၀၀၃ခုနှစ် ဩဂုတ်လ၃၀ရက်နေ့တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ထုတ်ပြန်ခဲ့ပြီး ပထမအဆင့်ကို အကောင်အထည်ဖော်ရန် ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့တွင် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့သည်။ ယင်းအမျိုးသားညီလာခံကြီးတွင် အစုအဖွဲ့ရှစ်ဖွဲ့မှ တိုင်းရင်းသားကိုယ်စားလှယ် ၆၀ရာခိုင်နှုန်းပါဝင်သော ကိုယ်စားလှယ်စုစုပေါင်း တစ်ထောင်ကျော်တို့က အတိတ်၏သမိုင်းသင်ခန်းစာများနှင့် ပစ္စုပ္ပန်၏အခြေအနေအရပ်ရပ်ကို ထောက်ရှုပြီး အနာဂတ်အရေးတွေးတောမြော်မြင်ကာ အပြန်ပြန်အလှန်လှန် ညှိနှိုင်းတိုင်ပင်ကြပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါဝင်ရမည့်အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ခဲ့ကြသည်။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သော အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ အဖျက်သမားများက မမှန်မကန် ဖြားယောင်းသွေးဆောင် ဝါဒဖြန့်မှုများရှိခဲ့သော်လည်း ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေများနှင့် ယှဉ်လျှင် ယခုချမှတ်ထားသောမူများသည် တိုင်းရင်းသားများ၏ အခွင့်အရေးကို မြန်မာနိုင်ငံ၏ ပကတိအရှိတရားအပေါ် အခြေခံ၍ အထူးတလည်ပေးအပ်ထားကြောင်း တွေ့ရပေသည်။

နိုင်ငံတော်က မျှော်မှန်းသည့် ဒီမိုကရေစီလူ့ဘောင်သည် ဘိုးဘွားအမွေအနှစ်တစ်ရပ်ဖြစ်သော ပြည်ထောင်စုကြီးကို မယိုင်လဲ မပြိုကွဲစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့်၊ တိုင်းရင်းသားအားလုံးအေးအတူပူအမျှ ပေါင်းစည်းနေထိုင်ကြ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲဆောင်ရွက်ကြမည့်၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို မျှဝေခံစားမည့်၊ တိုင်းရင်းသားမျိုးနွယ်အသီးသီး၏ အကျိုးစီးပွားများကို မျှမျှတတဖော်ဆောင်မြှင့်တင် ထိန်းသိမ်းမည့် လူ့ဘောင်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက် သွားကြမည့် ပြည်ထောင်စုတိုင်းရင်းသားများ၏ လူ့ဘောင်ဘဝသည် စည်းလုံးခြင်း၊ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်းတို့ဖြင့် ပိုမိုတိုးတက်ဖြစ်ထွန်းလာတော့မည်ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် အုတ်မြစ်ချခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ အမျိုးသားညီလာခံကြီး၌ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ရေးကို အာမခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါ အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပါဝင်ရမည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိပေပြီ။

ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ကျရောက်သည့် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့၌ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်တိုင်း၌ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဆက်လက်ပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုကြပါစို့ဟု နှိုးဆော်တင်ပြလိုက်ရပါသည်။ ။

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံးစောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရ တည်တံ့ ခိုင်မြဲရေးအတွက် တိုင်းရင်းသား အားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် တိုင်းရင်းသားအားလုံးကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ညီညွတ်ဖို့သာလိုပါသည်

*** ဘယ်သူခွဲခွဲ၊ ဒို့မကွဲဘဲ**
အမြဲစည်းလုံး ညီညွတ်မည်။

*** ဘယ်သူဖျက်ဖျက်၊ ဒို့မပျက်ဘဲ**
ရှေ့ဆက်ညီညီ ချီတက်မည်။

*** ဘယ်သူခြောက်ခြောက်၊ ဒို့မကြောက်ဘဲ**
တည်ဆောက်ပြည်သစ် ထူထောင်မည်။

*** ခေတ်သစ်နယ်ချဲ့၊ ဘယ်သို့နဲ့စေ**
မနဲ့မတုန်၊ ဒို့မဖြုံချေ
ယုံကြည်မှုတို့ ခိုင်မတ်လျက်။

*** ပြည်ပအားကိုး၊ ပုဆိန်ရိုးတို့**
သွေးထိုးကောက်ကျစ်၊ ဘယ်သို့ညစ်စေ
တစ်ဆစ်မနွမ်း ၊ တစ်ခေတ်ဆန်းအောင်
စွမ်းအားမာန်တို့ ထက်သန်လျက်။

*** ပြည့်အင်အားသည်**
ပြည်တွင်း၌သာ၊ တည်ရှိပါ၏
ညီညာပေါင်းစည်း၊ ချစ်ရင်းနှီးလျက်
ခရီးတူတူ၊ ပန်းတိုင်တူသော်
မည်သူဟန့်တားနိုင်အံ့နည်း။

*** နှစ်ပေါင်းထောင်ချီ၊ သမိုင်းရှည်ဝယ်**
နှောင်ညီဆွေသား၊ တစ်မိဖွားသို့
အားပြုတွဲခေါ်၊ တူနွဲ့ပျော်ခဲ့
အေးသော်အတူ၊ ပူသော်အမျှ
ဆတက်ထမ်းပိုး၊ တူပြိုင်ကြိုးလျက်
ဤမိုးဤမြေ၊ ဤရေလေနှင့်
ဤရွှေနိုင်ငံ၊ ကောင်းမွေခံကာ
အားမာန်ပေါင်းစု၊ "ပြည်ထောင်စု" အဖြစ်
ယခုသက်သေ၊ တည်ရှိပေ၏
ဒို့တွေခေတ်မှ
ညှံ့ကြ၍တော့ မဖြစ်ပေ။

*** နိုင်ငံ့စည်းရိုး၊ ဖျက်ချိုးမခံ**
နိုင်ငံ့ဂုဏ်ဒြပ်၊ ပုတ်ခတ်မခံ
နိုင်ငံ့သမိုင်း၊ အရိုင်းမခံ
မျိုးမာန်သတ္တိ၊ ကမ္ဘာသိအောင်...
ဇာတိစဉ်လာ၊ ဘုန်းသမ္ဘာတို့
ခိုင်မာလျှမ်းတင့်၊ မြင့်ထက်မြင့်အောင်...
ဆင့်ကမ်းသယ်ပိုး၊ မော်ကွန်းထိုးစို့
အမျိုးသားရေးပန်းတိုင် မဝေးပြီ။
လမ်းမှန်ကိုလျှောက် ရောက်ရမည်။
လှမ်းတက်ညီညီ ရှေ့သို့ချီ။
ညီညွတ်ဖို့သာ လိုပါသည်။ ။

(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ကို
ဂုဏ်ပြုကြိုဆိုလျက်–

ဇော်မင်းမင်းဦး

စာမျက်နှာ ၃ မှ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်ကြပြီး အစည်းအဝေးခန်းမ၌ တမူးခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကုန်သည်ကြီးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ဒေသဖွံ့ဖြိုးရေး

ရှေးဦးစွာ တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်က တမူးခရိုင် ဖွဲ့စည်းထားမှု၊ အကျယ်အဝန်းနှင့် လူဦးရေ၊ တရားဥပဒေစိုးမိုးရေးအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ကိုယ့်အားကိုယ်ကိုးလမ်းများနှင့် ကျောင်းများ တည်ဆောက်ဖောက်လုပ်မှု၊ စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်မှု၊ မြေယာအသုံးချနိုင်မှု၊ ၂၀၀၇-၂၀၀၈ခုနှစ် မိုးသီးနှံ၊ ဆောင်းသီးနှံစိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးနိုင်မှု၊ ဒေသဆန်၊ ဆီဖူလုံမှု၊ ခြံစည်းရိုးကြက်ဆူနှင့် ရော်ဘာစိုက်ပျိုးနိုင်မှု၊ အခွန်အရပ်ရပ်ကောက်ခံရရှိမှု၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်အတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် တမူးခရိုင် တမူးမြို့သည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြို့ဖြစ်ကြောင်း၊ ယခင်က လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးမကောင်းသဖြင့် တမူးမြို့နှင့် ကလေးမြို့ကို နှစ်ညအိပ် သုံးရက်ခန့်အချိန်ယူ၍ သွားလာခဲ့ရကြောင်း။

အဆင့်မြှင့်တင်

ယခုအခါ အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းပြီး တမူး-ကလေး-ကလေးဝကားလမ်းကို အဆင့်မြှင့်တင်နိုင်သဖြင့် တမူးမြို့နှင့် ကလေးမြို့ နေ့ချင်းပြန်သွားလာ၍ ရနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်း၊ နယ်မြေတည်ငြိမ် အေးချမ်းလာခြင်း၊ တရားဥပဒေစိုးမိုးလာခြင်းတို့ကြောင့် တမူးမြို့သည် သိသိသာသာ ပြောင်းလဲတိုးတက်လျက်ရှိကြောင်း။

ခိုင်မာကျယ်ပြန့်

နယ်စပ်မြို့ဖြစ်သည့်အလျောက် တမူးမြို့နယ်ကို ခရိုင်အဆင့်တိုးမြှင့်၍ အုပ်ချုပ်ရေးယန္တရား ပိုမိုခိုင်မာကျယ်ပြန့်အောင် ဆောင်ရွက်ထားပြီးလည်း ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်၊ တိုင်း နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတဖွံ့ဖြိုးအောင် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ အကောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၅)ခုတင်ဆံ့ တမူးမြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထည်ဖော်လျက်ရှိရာ တမူးမြို့သည်လည်း အခြားနယ်စပ်မြို့များကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ဖိဖိစီးစီးကြိုးစား

ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ထက် တိုးတက်အောင်၊ တစ်ဖက်နိုင်ငံ၏ ကြီးမားသောဈေးကွက်တွင် နီးကပ်စွာတည်ရှိနေသည့်အလျောက် ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် ဖိဖိစီးစီးကြိုးစားသင့်ကြောင်း မှာကြားပြီး နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ရင်းနှီးလုပ်ကိုင်ဆောင်ရွက်ထားမှုနှင့် တိုးတက်အောင်မြင်မှုအခြေအနေ၊ နိုင်ငံတော်ကို စက်မှုနိုင်ငံဖြစ်အောင် အခြေချထူထောင်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတိုးတက်မှုအခြေအနေ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသ ၂၄ ခု ဖွံ့ဖြိုးရေးအစီအမံ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ဖြင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးအောင်စီမံနေမှုနှင့် တမူးဒေသ အကျိုးဝင်ခံစားနေရမှုအခြေအနေ၊ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားတိုင်း အမျိုးသားရေးတာဝန်အဖြစ်ခံယူရန်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပြည့်စုံအောင်မြင်စွာ အကောင်အထည်ဖော်သွားရန် လိုအပ်ပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တမူးမြို့မှ ကလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၌ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၅

(၁၆)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ရက်အထိ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀၌ ကျင်းပမည်ဖြစ်ရာ သုတေသနစာတမ်း ၄၆စောင်၊ သုတေသနလုပ်ဆောင်ချက် ပိုစတာ ၁၁ခု၊ ပညာရပ်ဆိုင်ရာ ဟောပြောပို့ချမှု ၁၁ ခု၊ ဆေးပညာ ပြောင်းလဲတိုးတက်မှုများနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးပွဲ လေးခု၊ ကုသမှုနှင့်ရောဂါဗေဒဆိုင်ရာ ဆွေးနွေးပွဲတစ်ခုတို့ကို ပြည်တွင်းပြည်ပမှသုတေသီများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသီများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများက ဖတ်ကြားတင်သွင်း ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ တက်ရောက်လိုပါက တပ်မတော်ဆေးတက္ကသိုလ် ဖုန်း- ၀၃၁-၃၅၀၆၃၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ ဖုန်း-၀၃၁-၃၅၂၄၇၊ အမှတ် (၂)တပ်မတော်ဆေးရုံ ခုတင်-၅၀၀ ဖုန်း-၀၃၁-၃၀၂၇၇နှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀ဖုန်း-၀၃၁-၃၅၁၀၉တို့သို့ အသီးသီးဆက်သွယ်၍ ဖေဖော်ဝါရီ ၇ရက်မှ ၁၃ရက်အထိ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီး အလုပ်သင်ဆရာဝန်များ၊ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းသားများ၊ သူနာပြုများနှင့် စိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းအသင်းက ကမ္ဘောဇကို အနိုင်ရရှိ

သတင်းမြင်ကွင်း - ကိုဇွေး

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ စီးပွား/ကူးသန်းအသင်းက ကမ္ဘောဇအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပွဲကောင်းတစ်ပွဲ

အဆင့်မြင့်တန်းမှ အသင်းကြီးနှစ်သင်းဆုံတွေ့ခြင်းဖြစ်သကဲ့သို့ အမှတ်ပေးချန်ပီယံဆုအတွက် အရေးပါသည့်ပွဲစဉ်ဖြစ်ရာ အကြိတ်အနယ်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ပရိသတ်အားပေးမှုများပြားခဲ့သည်။ ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော စီးပွား/ကူးသန်းအသင်းသည် အူလ်ဆန်တက္ကသိုလ် အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သော ကမ္ဘောဇအသင်းအား နှစ်ဂိုးပြတ်သွင်းယူကာ ခြေစွမ်းမည့်ကြောင်း ပြသနိုင်ခဲ့သည်။

စီးပွား/ကူးသန်းအသင်းသည် ငါးမှတ်လျှော့ပြစ်ဒဏ်ရှိထား၍ ပွဲတိုင်းကိုအနိုင်ကစားမှသာအမှတ်ပေးချန်ပီယံဆု မျှော်လင့်နိုင်မည်ဖြစ်ရာ ယနေ့ပွဲစဉ်၌လည်း ပွဲအစအဆုံး အထူးအာရုံစိုက်၍ နည်းပရိယာယ်ကြွယ်ဝစွာဖြင့် ကစားသွားသည်။ စီးပွား/ကူးသန်းအသင်းသည် ပထမပိုင်းတွင် အချိတ်အဆက်မိမိဖြင့် ကွက်ပြည့်နင်းကစားသွားရာကမ္ဘောဇအသင်းတစ်ချီတစ်ချီမှသာ ပြန်လည်ထိုးဖောက်နိုင်ခဲ့သည်။ စီးပွား/ကူးသန်း အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၂၉မိနစ်တွင် ထောင့်ကန်ဘောမှ တစ်ဆင့် မျိုးမင်းထွန်းဂိုးရှေ့သို့ ကန်ပို့ပေးရာ တိုက်စစ်မှူး စထက်နိုင်ဝင်းက ပိုင်ပိုင်နိုင်နိုင် ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယဂိုး

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်းက ချေပဂိုးရရှိရေးတင်ကစားလာ၍ သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးဖောက်ကစားနိုင်ကြသည်။ ကမ္ဘောဇအသင်းက ကစားသမားများ လူစားလဲလှယ်၍ ကစားအားမြှင့်တင်သော်လည်း စီးပွား/ ကူးသန်းနောက်တန်းများက အမှားနည်းအောင် ကစားနိုင်ခဲ့သည်။ စီးပွား/ကူးသန်း အသင်းအတွက် ဒုတိယဂိုးကိုပွဲချိန်၈၀မိနစ်တွင် မျိုးမင်းထွန်း ဖန်တီးပေးမှုမှတစ်ဆင့် တိုက်စစ်မှူး စထက်နိုင်ဝင်းကပင် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင် စီးပွား/ကူးသန်းအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၆ ရက် **(ယနေ့)** ညနေ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ စွမ်းအင်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာ/ဆည်မြောင်းအသင်းနှင့် မြန်မာ့မီးရထားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၅

သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် ဓမ္မသဘင်ကို ဘူတာပိုင်း စနေဆွမ်းလောင်းဓမ္မာရုံရှေ့၌ ဖေဖော်ဝါရီလအတွင်း ခုနစ်ညတိုင်တိုင် ညစဉ်၇နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၇ ရက်၌ ခရမ်းကျေးရွာ ဓမ္မမေဒနီကျောင်း ဆရာတော် ဘဒ္ဒန္တ ဝေရောစန၊ ၈ရက်တွင် ပဲခူးမြို့ ဝေဘူဓမ္မရိပ်သာ ဆရာတော် ရွှေဘို အရှင်အာလောက၊ ၉ရက်တွင် အင်းမနယ်လှည့်ဓမ္မကထိက အရှင်ရာဇိန္ဒ၊ ၁၀ရက်တွင် သန်လျင်မြို့ မဟာရာမကျောင်းတိုက် ဆရာတော် အရှင်တေဇနိယ၊ ၁၁ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ဇာဂရ၊ ၁၂ရက်တွင် သနပ်ပင်မြို့ ဓမ္မပါလကျောင်းဆရာတော် အရှင်နေမိန္ဒ၊ ၁၃ ရက်တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပါမောက္ခ သီတဂူ ဒေါက်တာ အရှင်ဣန္ဒကတို့က တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကျန်းမာရေးသတင်းမှတ်စု

မြင့်မောင်စိုး ရေးသည်

အဆီနည်းသော သက်သတ်လွတ်အစားအစာများစားသုံးပါက ဆီးချို သွေးချိုရောဂါ ဖြစ်ပွားမှု လျော့ကျစေနိုင်ဟုဆို

မျက်မှောက်ခေတ် ထုတ်လုပ်လျက်ရှိသော ကလေးစားစရာမုန့်များမှအစ ဟိုတယ်၌တည်ခင်းသော အစားအစာများအဆုံး အဆီနှင့် ထောပတ်အများစု ပါဝင်လာသည်။ ထောပတ်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ အချိုဓာတ်များသော အစားအစာများသည် အဆီဓာတ်ပါဝင်မှုများခြင်းကြောင့် သွေးကြောများအတွင်း ကိုလက်စထရောဓာတ်များ ပို၍ များစေနိုင်သည်။

ရေးသားဖော်ပြ

အဆီဓာတ်များသော အစားအစာများကို များများစားသုံးခြင်းကြောင့် ဆီးချိုသွေးချို ရောဂါဖြစ်ပွားမှု ပို၍ ဖြစ်ပွားနိုင်ကြောင်း အိန္ဒိယဆေးဂျာနယ်တစ်စောင်က ရေးသားဖော်ပြသည်။ အချိုဓာတ်များသော အစားအစာများ၊ အဆီများသောအစားအစာများကို အလွန်အကျွံစားသုံးခြင်းဖြင့် သွေးချိုထိန်းချုပ်မှုလျော့နည်းကာ ဆီးချိုရောဂါ ဖြစ်ပွားရသည်ဟု ဆိုသည်။

လေ့လာတင်ပြ

အဆီဓာတ်လျော့နည်းသော သက်သတ်လွတ်အစားအစာများ စားသုံးခြင်းဖြင့် သွေးချိုမှုအဆင့်ကိုထိန်းချုပ်ရာတွင် အကောင်းဆုံးနည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အိန္ဒိယအာဟာရ သုတေသနပညာရှင်အဖွဲ့က လေ့လာထောက်ပြထားသည်။

သုံးဆပို၍ထိန်းနိုင်

အမေရိကန်အခြေစိုက် အာဟာရသုတေသနပညာရှင်ဒေါက်တာဘားနတ်သည် ဆီးချိုအဆင့်-၂ရှိသူ လူပေါင်း ၉၉ဦးအား လေ့လာခဲ့သည်။ ၎င်း၏လေ့လာတွေ့ရှိချက်အရ အဆီနည်းပါးသော သက်သတ်လွတ်အစားအစာ စားသုံးသောသူများသည် သွေးချိုမှုအဆင့်ထိန်းချုပ်ရာတွင် သုံးဆပို၍ထိန်းနိုင်သည့်အချက်ကို တွေ့ရသည်ဟုဆိုသည်။

အဆီနည်းသော သက်သတ်လွတ်အစားအစာ စားသုံးသူများသည် ကိုယ်အလေးချိန်၊ ကိုလက်စထရော၊ သွေးချိုတို့ကို လျော့ကျနိုင်သည်ဟုဆိုသည်။ အကြောင်းမှာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများမှရရှိသော အာဟာရဓာတ်များသည် ခန္ဓာကိုယ်အတွင်း လိုအပ်သည့်ဓာတ်များကို ဖြည့်စွမ်းပေးနိုင်ကြောင်း အာဟာရသုတေသနပညာရှင် ဒေါက်တာဘားနတ်က ပြောကြားသည်။ ။

ကိုးကား-အင်တာနက်

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

နောင်ချိုမြို့နယ်တိုင်းရင်းသားများထံ ဘုရား(၂၅)ဆူလှူဒါန်း

ဆရာတော် ဘဒ္ဒန္တ တိက္ခ(အဂ္ဂမဟာပဏ္ဍိတ) ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်း တောင်စလင်းတိုက်သစ် ဘာဝနာဌာန မန္တလေးမြို့က ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့တိုင်းရင်းသားများကိုးကွယ်ရန် ရည်ရွယ်၍ ဘုရား (၂၅)ဆူပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နောင်ချိုမြို့ ပန်ဟတ်ရပ်ကွက် ဓမ္မာရုံ၌ ဇန်နဝါရီ၁၅ရက် နံနက် ၅နာရီက ကျင်းပရာ မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော်ဦးဝါသေဌ(ဟော်တော်ကျောင်း) အမှူးပြုသည့် သံဃာတော်ငါးပါးတို့က ဘုရားအနေကဇာတင်ခြင်း မင်္ဂလာပြု၍ ကိုးကွယ်မည့်တိုင်းရင်းသားများထံ ပေးအပ်လှူဒါန်းကြသည်။ (၀၂၅)

ကလော အထက(၁) ပညာရေးစုံညီပွဲတော်

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၉ရက် နံနက် ၉နာရီက တေဇခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြစိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မြိုင်တို့က အမှာစကားပြောကြားကြပြီး သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ဆုရ ကျောင်းသားကျောင်းသူများနှင့် ကျောင်းတက်ရက်မှန်ဆုရ ဆရာ ဆရာမများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ (၀၂၄)

မင်းတပ် အိမ်တွင်းမှုကျောင်းအဝင်လမ်း ကျောက်ချောခင်း

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်သော အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အဝင်လမ်းမကြီး ကျောက်ချောခင်းခြင်းနှင့်ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ခြင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင် သုမင်္ဂလာဈေး စုပေါင်းသန့်ရှင်း

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် သုမင်္ဂလာဈေးအတွင်း သန့်ရှင်းရေးနှင့် ဈေးဝယ်သူများ စိတ်ချမ်းမြေ့စွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီး(ဈေး) ဦးမြသိန်း၊ ဈေးခေါင်းဦးမျိုးဝင်းခိုင်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီက သန့်ရှင်းရေးဆောင်ရွက်ကြသည်။ (၀၈၈)

နွားထိုးကြီးမြို့နယ် ပညာရည်ချွန်ဆုပေးပွဲ

နွားထိုးကြီးမြို့နယ် ပညာရေးကော်မတီက ကျင်းပသော ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း အောင်သုရိန်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးကြသည်။ (၀၉၅)

မွေးမြူရေးဇုန်တည်ဆောက်ရေး စည်းဝေး

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မွေးမြူရေးဇုန် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကန့်ဘလူမြို့ မြို့နယ်ခန်းမဆောင်၌ကျင်းပရာ ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်ရှစ်ဦးပါဝင်သော မွေးမြူရေးဇုန် ကော်မတီကို ဖွဲ့စည်းသည်။ မွေးမြူရေးဇုန်ကို ကန့်ဘလူမြို့ အနောက်ဘက် တစ်မိုင်ကျော်အကွာရှိ မြို့ပြင်ပဇရိယာ၌ ဖွဲ့စည်းတည်ဆောက်ကြမည်။ (၀၂၇)

မီးဘေးကာကွယ်ရေး ပညာပေးဟောပြော

ကျိုက်ထိုမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဇန်နဝါရီ၇ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက မီးဘေးကြိုတင်ကာကွယ်ရေးအကြောင်း ဟောပြောကာ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများဖြင့် လောင်စာဆီမီးလောင်မှု မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသကြသည်။ (မြို့နယ် ပြန်/ဆက်)

ဖူးမြော်ပူဇော် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

သတင်းမြင်ကွင်း-မြင့်မောင်စိုး | ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း) | စာမျက်နှာပွဲ့စည်းမှု-ထိန်လင်း



ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်အား ဤသို့ ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၅

သန်လျင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်သည် ရန်ကုန်တိုင်းအတွင်းရှိ တန်ခိုးကြီးဘုရားများတွင် လူသိများ ကျော်ကြားလှသည့် စေတီတော်တစ်ဆူဖြစ်သည်။

တည်ထားကိုးကွယ်

ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ကို သာသနာသက္ကရာဇ် ၂၄၁ခုနှစ်တွင် အရှင်ခေါလက ရသေ့နှင့် သထုံမင်း စူဠသီရိမာသောကတို့က ဂေါတမဘုရားရှင်၏ ဆံတော်ခြောက်ဆူအား ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။

အဆိုပါ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်သည် ရန်ကုန်မြစ်နှင့် ပဲခူးမြစ်တို့ဆုံရာအရပ် သန်လျင်မြို့ ဥတ္တရဂ်ကုန်းခေါ် လှိုင်းပုတ်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည်။

ပြုပြင်မွမ်းမံ

စေတီတော်မြတ်ကြီးအား မြန်မာ့သမိုင်းတစ်လျှောက်မွန်၊ မြန်မာမင်း အဆက်ဆက်တို့က ပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်၍ ကိုးကွယ်ခဲ့ကြသည်။

ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်သို့ ရန်ကုန်မြို့မှ သွားရောက်ဖူးမြော်လျှင် ကားဖြင့် မိနစ် ၂၀၊ နာရီဝက်ခန့် ကြာသည်။ ခရီးစဉ်တစ်လျှောက်အထူးခြားဆုံးမှာ ရန်ကုန်-သန်လျင်တံတားကြီးပင်ဖြစ်သည်။

ယင်းတံတားကြီးကို ၁၉၉၃ ခုနှစ် ဇူလိုင်လ၃၁ရက်က ဖွင့်လှစ်ခဲ့ပြီး မော်တော်ကားနှင့် မီးရထား နှစ်မျိုး မောင်းနှင် သွားလာနိုင်သည်။ ကျယ်ပြောလှသော မြစ်ကိုဖြတ်သန်း တည်ဆောက်ထားသည့် အဆိုပါတံတားကြီးပေါ်တွင် ကားကြီး ကားငယ်အသွယ်သွယ် ဥဒဟို မောင်းနှင်သွားလာနေကြသည်။

ဒေသန္တရဗဟုသုတတိုးပွား

တံတားကြီးပေါ်သို့ ဖြတ်သန်းရောက်ရှိသွားပြီဆိုလျှင်ပင် မြစ်ပြင်ကျယ်၏ လှပသော မြင်ကွင်း၊ အေးမြသော လေထု၊ မြစ်အတွင်းခုတ်မောင်းသွားလာနေသော သင်္ဘော၊ စက်လှေ၊ သမ္ဗန်များ ရန်ကုန်မြို့၏ တိုးတက်ပြောင်းလဲသော ထိုးထိုးထောင်ထောင်တိုက်တာ အဆောက်အအုံ မြင်ကွင်းများ စသော မြင်ကွင်းအရပ်ရပ်သည် ဘုရားဖူးလာ ပြည်သူများအား စိတ်ကြည်နူးမှုကို ပေးစွမ်းသည့်အပြင် ဒေသန္တရ ဗဟုသုတကိုလည်း တိုးပွားစေပါသည်။

တွေ့ဆုံမေးမြန်းခဲ့

ရန်ကုန်တောင်ပိုင်းခရိုင်၌ အထင်ကရ စေတီတော်မြတ်ကြီးဖြစ်သည့် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ရာ မကြာမီ ကျင်းပတော့မည့် ဗုဒ္ဓပူဇနိယပွဲတော် ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် စပ်လျဉ်း၍ မြန်မာ့အလင်းက သွားရောက်ကာ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

ဒီဗုဒ္ဓပူဇနိယ ပွဲတော်ကြီးမှာ ဘုရားဖူးလာ ပြည်သူများကို ကိုယ်စိတ်ချမ်းသာ ပျော်ရွှင်မှုရနိုင်စေဖို့ ဇာတ်ပွဲတွေ၊ ရုပ်သေး၊ ရုပ်ရှင်စတဲ့ ပွဲတွေလည်းထည့်သွင်းထားပါတယ်။
ဦးမြင့်ဝင်း
ကျိုက်ခေါက်စေတီတော်
ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ

ခြိမ့်ခြိမ့်သဲသဲကျင်းပ

ရှေးဦးစွာ ဂေါပကဥက္ကဋ္ဌ ဦးမြတ်စိုးက ပြောကြားရာတွင် **"ကျွန်တော်တို့ ဆံတော်ရှင် ကျိုက်ခေါက် စေတီတော်ကြီးရဲ့ ဗုဒ္ဓပူဇနိယပွဲတော်ကို တပို့တွဲလဆန်းစရက် (ဖေဖော်ဝါရီ ၁၄ရက်) မှ တပို့တွဲလပြည့်ကျော်၁ရက် (ဖေဖော်ဝါရီ ၂၂ရက်) အထိ ကိုးရက်တိုင်အောင် ခြိမ့်ခြိမ့်သဲသဲကျင်းပသွားမှာဖြစ်ပါတယ်။ ဒီဗုဒ္ဓပူဇနိယ ပွဲတော်ကြီးမှာ အသံမစဲ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲတွေ၊ ဘုရားအနေကဇာတင်ပွဲတို့ ဦးစွာကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီနောက်မှာ ဈေးရောင်းပွဲတွေ၊ ဇာတ်ပွဲတွေ၊ ရုပ်ရှင်နဲ့ ဆပ်ကပ်အစရှိတဲ့ပျော်ပွဲရွှင်ပွဲတွေလည်းပါဝင်မှာ ဖြစ်ပါတယ်။ ဒီဘုရားပွဲတော်ဟာ မြန်မာနိုင်ငံအောက်ပိုင်းမှာတော့ အစည်ကားဆုံး ဘုရားပွဲတော်ကြီး ဖြစ်ပါတယ်။ တံတား၊ ကွမ်းခြံကုန်း အစရှိတဲ့ မြို့နယ်တွေက ဒီဘုရားပွဲကို လှေသမ္ဗန်တွေနဲ့ အားခဲလို့ လာကြသလို ရန်ကုန်မြို့ပေါ်ကလည်း ကားကြီး ကားငယ် အသွယ်သွယ်နဲ့ လာကြပါတယ်"**ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဇာတ်ပွဲတွေထည့်သွင်းထား

ယင်းနောက် ကျိုက်ခေါက်စေတီတော် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌဦးမြင့်ဝင်းက ပွဲတော်ခင်းကျင်းပြင်ဆင်ထားမှုနှင့် ပတ်သက်ပြီးပြောကြားရာတွင် **"ကျွန်တော်တို့ ဒီဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာ ဘုရားဖူးလာ ပြည်သူများကို ကိုယ်စိတ်ချမ်းသာ ပျော်ရွှင်မှု ရရှိစေရန်အတွက် ဇာတ်ပွဲတွေ ထည့်သွင်းထားပါတယ်။ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၂ရက်အထိ ခြောက်ရက်တိုင်တိုင် ဇာတ်ပွဲတွေ ရုံသွင်းကပြကြမှာ ဖြစ်ပါတယ်။ လာရောက်ကပြကြမယ့် ဇာတ်ပွဲတွေကတော့ ဒီခြောက်ရက်စလုံးမှာ မိုးမင်းဇာတ်သဘင်၊ ဖိုးချစ်ဇာတ်သဘင်၊ တင်ကိုဝင်း ဇာတ်သဘင်နဲ့ ကိုဇေ ဇာတ်သဘင်တို့ ပါဝင်ပါတယ်။**

ရုပ်သေးဇာတ်အခမဲ့ပြသ

"ဒါ့အပြင်မြန်မာတစ်နိုင်ငံလုံးမှာ ရှိတဲ့ မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့တွေကလည်း လာရောက် ခြင်းအလှခတ်ပြကြမှာ ဖြစ်ပါတယ်။ ပြီးတော့ ဦးရဲခွေး ဦးဆောင်တဲ့ ရုပ်သေးဇာတ်ကိုလည်း အခမဲ့ပြသမှာ ဖြစ်ပါတယ်။ ရုပ်ရှင်နဲ့ မိုးကြိုးငှက်ငယ်လေးများအဖွဲ့၊ ဦးမောင်မောင် ဆပ်ကပ်တို့လည်း ပါဝင်မှာ ဖြစ်ပါတယ်။

ဒီဗုဒ္ဓပူဇနိယပွဲတော်ဟာ မြန်မာနိုင်ငံ အောက်ပိုင်းမှာတော့ အစည်ကားဆုံး ပွဲတော်ကြီးဖြစ်ပါတယ်။
ဦးမြတ်စိုး
ကျိုက်ခေါက်စေတီတော်
ဂေါပကဥက္ကဋ္ဌ

ခင်းကျင်းရောင်းချ

"ပွဲတော်အတွင်း ဆိုင်ခန်းပေါင်း ၁၆၉၀ ကျော် ခင်းကျင်းရောင်းချမှာ ဖြစ်ပါတယ်။ ရောင်းချမယ့်ပစ္စည်းတွေကတော့ လူသုံးကုန်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည် အမျိုးမျိုး၊ သနပ်ခါး၊ တန်း၊ စက်မှု(၁)မှ ဖွင့်လှစ်ရောင်းချမယ့် ဝင်းသူဇာအရောင်းဆိုင်များ ပါဝင်မှာ ဖြစ်ပါတယ်။

"ဒီဗုဒ္ဓပူဇနိယပွဲတော်မှာ ဒေသနေ ပြည်သူတွေက ရေချမ်းစင်တွေ တည်ဆောက်ပြီး ရေကုသိုလ်တွေ ပြုကြဦးမှာပါ။

လှည်းတွေတသီတတန်း

"ဒီပွဲတော်မှာထူးခြားတာကတော့ အနီးဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေက ဘုရားပွဲတော်အစမှစပြီး လှည်းတွေ၊လှေတွေနဲ့ လာကြပြီး စေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူကြပါတယ်။ သူတို့ဟာ ပွဲတော်တစ်လျှောက်လုံး ဒီမှာနေ၊ ဒီမှာ အိပ်ကြပြီး ဘုရားပွဲပြီးမှ လှည်းတွေ တသီတတန်းကြီးနဲ့ ပြန်လေ့ရှိကြပါတယ်။ ဒီဗုဒ္ဓပူဇနိယပွဲတော်ဟာ ကြက်ပျံမကျစည်ကားတဲ့ ပွဲတော်ကြီးပါပဲ"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

သို့ဖြစ်၍ မိသားစုအလိုက်ဘုရားဖူးလိုသူများ၊ ပျော်ပွဲရွှင်ပွဲချစ်မြတ်နိုးသူများ၊ ဇာတ်သဘင်၊ရုပ်သေးကြိုက်သူများ၊ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် သနပ်ခါး အစရှိသောပစ္စည်းများ ဝယ်ယူလိုသူများ အနေဖြင့် သန်လျင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်သို့ အရောက်လှမ်းခဲ့ပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဗုဒ္ဓပူဇနိယပွဲတော်ကြီးမှာ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲတွေ၊ ဘုရားအနေကဇာတင်ပွဲတို့ ဦးစွာပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီနောက်မှာ ဈေးရောင်းပွဲတွေ၊ ဇာတ်ပွဲတွေ၊ ရုပ်ရှင်နဲ့ ဆပ်ကပ်အစရှိတဲ့ ပျော်ပွဲ ရွှင်ပွဲတွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီဘုရားပွဲတော်ဟာ မြန်မာနိုင်ငံ အောက်ပိုင်းမှာတော့ အစည်ကားဆုံး ဗုဒ္ဓပူဇနိယပွဲတော်ကြီး ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ကေ ဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဖခင်ဦးမေအောင်-မိခင် ဒေါ်အေးရှင်၊ အစ်မကြီး ဒေါ်ခင်လှနုနှင့် ဒေါ်ခင်စိုးသန်းတို့အား ရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် ပိတောက်ပင်လမ်း အမှတ် ၁၆ နေသား ကိုအေးအောင်-သမီး မခင်မျိုးသစ် မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်သုဝဏ္ဏာလင်္ကာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မိဘနှစ်ပါးဖြစ်သော ဦးကျော်ထွတ်(မဟာ သဒ္ဓမ္မဇောတိကဓဇ)နှင့် ဒေါ်သိန်းကြွေတို့အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၄၉ လမ်း အမှတ်၁၂၄နေ ကျန်ရစ်သူ မိသားစုက ဒဂုံမြို့နယ်၊ အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး(တိပိဋက စာဖြေဆရာတော်များ အခန်းတစ်ခန်းအတွက် အလှူငွေကျပ်သိန်း၂၀ကို ရွှေရတုတိပိဋကဓရဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၅

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဖေဖော်ဝါရီ ၂ရက်က စစ်တွေမြို့ရှိ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်တွေ့ဆုံရာ မြို့နယ်အသင်း အတွင်းရေးမှူးများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်အသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အသင်းများအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လုံချည်များကို ပေးအပ်ကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(သတင်းစဉ်)

ဆက်သွယ်ရေး/ စာတိုက်/ ကြေးနန်းဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တိုးကြောင်ကလေးနှင့် သန်လျင်ဂြိုဟ်တုစခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည်ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုးကြောင်ကလေးဂြိုလ်တု ဆက်သွယ်ရေးစခန်းသို့ရောက်ရှိပြီး(အပေါ်ပုံ) **ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား တာဝန်ရှိသူများက ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ပြည်တွင်း၊ ပြည်ပဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး ဆွေးနွေးမှာကြားသည်။**

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးသည် သန်လျင်ဂြိုဟ်တုဆက်သွယ်ရေးစခန်းသို့ရောက်ရှိပြီး သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်များမှ တယ်လီဖုန်း၊ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သန်လျင်မြို့ ဂြိုဟ်တုဆက်သွယ်ရေးစခန်း၌ ဆက်သွယ်ရေးဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်၌ စာကြည့်တိုက်မှူးသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စာကြည့်တိုက်မှူးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၂၇ရက် နံနက်ပိုင်းက မြို့နယ်အသင်းရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း တွဲဖက်အတွင်းရေးမှူး၊ အရှေ့ပိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး တိုင်းအလုပ်အမှုဆောင် ဦးတင်အောင်က အလှူရှင်များလှူဒါန်းသော အလှူငွေများကို လက်ခံသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းတွင် စာကြည့်တိုက်နှင့်ပတ်သက်သော ဘာသာရပ်များကို သင်တန်းနည်းပြများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ရခိုင်ပြည်နယ် မျက်စိအခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှုလုပ်ငန်းသို့ အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူးဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသီဂီနှင့် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်တို့သည် ဇန်နဝါရီ ၂၈ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိကြပြီး

ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကျော့ကျော့စံ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ကြည်ကြည်ဝေနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် စစ်တွေပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး၌ ရခိုင်ပြည်နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ ကွင်းဆင်းခွဲစိတ်ကုသမှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြသည်။

ယင်းမျက်စိအခမဲ့ ကွင်းဆင်းကုသမှုလုပ်ငန်းများကို ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသော ပါမောက္ခဒေါက်တာကံညွန့်၊ ပါမောက္ခဒေါက်တာမြအောင်နှင့် ဒေါက်တာသူဇာဟန်တို့ဦးဆောင်၍ စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ကြရာ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ မျက်စိဝေဒနာရှင် ပြင်ပလူနာ ၅၁၂၀၊ အတွင်းတိမ်လူနာ ၆၀၃ဦးတို့အား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ပြီး ပါဝါမျက်မှန်၊ နေကာမျက်မှန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ပေးအပ်လှူဒါန်း

ထို့အပြင် ဖေဖော်ဝါရီ ၂ရက်တွင် ကျင်းပသော မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသမှုအောင်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့လှူဒါန်းသော အလှူငွေကျပ် ၁၅သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

တရားပွဲများကျင်းပမည်

စတုဘုမ္မိကကျောင်းတိုက်

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အုန်းနဲ့ကုန်းကျေးရွာ စတုဘုမ္မိကကျောင်းတိုက်၌ ဘဒ္ဒန္တကုမာရ (သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ)ရန်ကုန် သဃ်န်းကျွန်း ပြည်သာယာ စတုဘုမ္မိကမဂ္ဂင်ရိပ်သာဆရာတော်က ၄က်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ၁၃ရက်မှစတင်ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုပါက စတုဘုမ္မိက သာသနာပြန့်ပွားရေးအကျိုးဆောင်အဖွဲ့ ဦးဝင်းကြိုင် ဖုန်း-၅၇၁၉၂၉ နှင့် ဦးသိန်းဟံ လှည်းကူး ဖုန်း-၆၂၉၀၅၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အောင်ဆန်းမိုးကုတ်ဆရာတော်

အောင်ချမ်းသာရပ်ကွက် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ကံမြင့်ကျောင်းတိုက်ဓမ္မာရုံတွင် အောင်ဆန်းမိုးကုတ်ဆရာတော် အရှင်သဒ္ဓမ္မကိတ္တိသာရဆရာတော်သည် တပို့တွဲလဆန်း ၁ ရက်မှ ၁၁ရက် (ဖေဖော်ဝါရီ ၇ရက်မှ၁၈ရက်)အထိ ၁၁ ည တိုင်တိုင် ည ၇နာရီမှစ၍ တရားဟောကြားမည်ဖြစ်သည်။

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်

ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင်ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီးဦးကြည်၏ ဥပနိဿယမူအတိုင်း သားတပည့်များဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးမောင်အုံး၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က (၆၈)ကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ခုနစ်ရက်အထူးတရားစခန်းကို ဖေဖော်ဝါရီ၂၁ရက်မှ ၂၇ရက်အထိ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃဓမ္မာရုံ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ တရားစခန်းဖြစ်မြောက်ရေးအတွက် မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပြီး တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ၂၀ရက် ညနေ၅နာရီ အရောက်လာကြရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက ဥက္ကဋ္ဌဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၉-၉၉-၂၇၃၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဖေဖော်ဝါရီ ၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီ အထိ နေ့စဉ်ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပြီး ဖုန်း-၅၁၉၀၉၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရသေ့တောင်စွယ်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အလိုတော်ပြည့် ကျောင်းတိုက်၌ ကိန်းဝပ်စံပျော်လျက်ရှိသော စွယ်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားစွာကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ၂၁ရက် (ကြာသပတေးနေ့)တွင် အဓိဋ္ဌာန်ပြုဆုတောင်းပွဲ၊ ၁၉ရက်မှ ၂၁ ရက်အထိ တစ်ခိုင်လုံးစိန် ဇာတ်သဘင်၊ ၁၇ရက်နှင့် ၁၈ရက်တွင် ရခိုင်တေးဂီတဝိုင်းတော်သားများအဖွဲ့တို့နှင့် ပျော်ပွဲရွှင်ပွဲများဖြင့် သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးနိူးဆော်ထားသည်။ **(က-ပ)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၁၈၅ ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ ဆွမ်းချက်ဆောင်အတွက် အမှတ် ၇၄ အခန်း ၉/၁၀ ကျွန်းတောလမ်း စမ်းချောင်းမြို့နယ်နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးချာလီမောင်-ဒေါ်သန်းဌေးဦး၊ သားကြီး ဇင်လင်းထိုက်၊ သမီးကြီး အေးမြတ်နန္ဒာဦး၊ သမီးငယ် ခိုင်မြတ်ယမုံသူ မိသားစုက မတည်အလှူငွေကျပ် ၁၀ သိန်းကို နာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးညှင်းအရှင်ဣန္ဒက(ရွှေဘို)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး ဂုဏပူဇာ-သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးသို့ မြို့နယ်သူမြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရသူများစာရင်းကို ဦးလှရွှေ(ဥက္ကဋ္ဌ)ဖုန်း-၅၇၂၂၄၀၊ ဦးစန်းလွင်(အတွင်းရေးမှူး) ဖုန်း-၆၄၁၆၂၉၊ ဦးတင်မောင်သန်း (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၂၄၂၄၊ ဦးမောင်မောင်ထွန်း(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၆၈၀၆၆၁ တို့သို့ ဆက်သွယ် စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်အချို့တွင် ကျရောက်လျက်ရှိသော ဆီးနှင်းမုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရန်ကျဲချီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၆-၂-၂၀၀၈ ရက်(ဗုဒ္ဓဟူးနေ့)
၁၃၆၉ ခုနှစ် ပြာသိုလကွယ်နေ့
(ဥပုသ်နေ့) နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၈:၂၀ ၈။ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(မြန်မာမှု ပညာအထူးပြု-မြန်မာမှုပညာ)
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
- ၁၇:၂၅ ၇။ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၇:၃၅ ၈။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၁၈:၅၀ ၁၂။ **"ဆုံစည်းခွင့်"** (မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ ချစ်သုဝေ) (ဒါရိုက်တာ-သိန်းဟန်၊ ဖီးနစ်)
- ၁၉:၀၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၉:၂၅ ၁၄။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၁၉:၃၅ ၁၅။ ရှုဖွယ်စုံညီ မြန်မာပြည်
- ၁၉:၄၅ ၁၆။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာစေရန် ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ Franz Hararay's Magic Planet
- ၂၁။ **အရဏ်ဦး၏ပုံရိပ်များ** ကျော်ရဲအောင်၊ ပန်းဖြူ၊ သင်းသင်းယုလှိုင် (ဒါရိုက်တာ-မောင်ဝဏ္ဏ)
- ၂၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

အရှင်သီလာနန္ဒ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၅

ဗားကရာတိုက် ဦးဘိုးမောင်ကျောင်းနယ်လှည့် သာသနာပြုဓမ္မကထိက အရှင်သီလာနန္ဒ(ဧရာဝတီ) အရှင်သူမြတ်သည် ဖေဖော်ဝါရီ ၆ရက် မှ ၁၃ရက်အထိ မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ်လက်ပံငူကျေးရွာ၊ ၁၅ရက် မှ ၂၁ရက်အထိ ကျုံပျော်မြို့နယ် ကျုံတနီ၊ ၂၅ရက်မှ မတ် ၁ရက်အထိ ငါးသိုင်းချောင်းမြို့နယ် ကျောက်ချောင်း ပေါ်တော်မူကျောင်းတို့၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကိုးမိုင်မဟာစည် သြဝါဒပါတိမောက် အခါတော်နေ့ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၅

ရန်ကုန်တိုင်း ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သြဝါဒ ပါတိမောက် အခါတော်နေ့ကို ကျင်းပမည်ဖြစ်ပါ၍ ၁၃၆၉ ခုနှစ် တပို့တွဲလပြည့်နေ့၊ ဖေဖော်ဝါရီ ၂၁ရက် (ကြာသပတေးနေ့)တွင် ဟိတေသီအဖွဲ့ဝင်ယောဂီများနှင့်ဓမ္မမိတ်ဆွေများ၊ အလှူရှင်များ ပါဝင်လှူဒါန်း တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံများလွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စုရှိ တောမကျေးရွာ၊ ရေချိုကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ ပန်းတော်ဆက်ကျေးရွာ၊ မကျီးပင်ပုကျေးရွာ၊ လက်ပံခေါင်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ခြောက်ပင်ကျေးရွာ၊ ပြည်တော်သာကျေးရွာ၊ ပေါက်ပင်ကျေးရွာတို့၏ ဇန်နဝါရီ၅ရက် မွန်းလွဲ၁နာရီက ကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများကို ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

တောမကျေးရွာအုပ်စုအားလုံး၏ကိုယ်စား ပန်းတော်ဆက်ကျေးရွာရှိ အေးချမ်းသာယာဖွံ့ဖြိုးရေးစာကြည့်တိုက်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ တောမကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားသည်။ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကား ပြောကြားသည်။ တောမကျေးရွာအုပ်စု ကိုယ်စား တောမကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအကြောင်း ရှင်းလင်းတင်ပြကြသည်။

လွှဲပြောင်းပေးအပ်

တောမကျေးရွာအုပ်စုလုံးကျွတ် ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို တောမကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းထံသို့ လွှဲပြောင်းပေးအပ်သည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာအုပ်မျိုးစုံ၂၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက စာအုပ် ၃၀၊ ဦးမြစိမ်း-ဒေါ်မြညိမ်းမိသားစုက စာအုပ်၁၀၀နှင့် စာအုပ်စင်တစ်ခု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးအောင်မြင့်က ငွေပဒေသာပင်အတွက် ငွေကျပ်၅၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစိုးသန်းက ငွေကျပ်၅၀၀၀၊ အစိုးရ နည်းပညာတက္ကသိုလ် နည်းပြဦးခင်မောင်သန်း-ဒေါ်စန္ဒာထွန်းမိသားစုက အလှူငွေကျပ်၃၀၀၀၊ တောမကျေးရွာအုပ်စု ကျေးရွာပေါင်း၁၀ရွာမှ ငွေပဒေသာပင် အလှူငွေကျပ်၃၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တောမကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက လက်ခံရရှိခဲ့ကြောင်းသိရသည်။ **(၀၇၈)**

သတ်မှတ်နှုန်းထားထက် ယာဉ်စီးခပိုမိုတောင်းခံသူ ယာဉ်နောက်လိုက်များအား ဖမ်းဆီးအရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ရက်တွင် လှိုင်သာယာမှ ဗိုလ်တထောင်ဘုရားသို့ ပြေးဆွဲသော သန်မြန်သူ အမှတ်(၈၆)ယာဉ်လိုင်း၌ လိုက်ပါစီးနင်း စစ်ဆေးခဲ့ရာ ၃က/၉၆၆၆ ဒိုင်နာ ယာဉ်နောက်လိုက် အောင်မြင့်ထွန်း၊ ၂၅ နှစ် (ဘ) ဦးသိန်းလွင် အမှတ် ၆၃၊ ဦးမောင်သင်လမ်း(၂)ရပ်ကွက် ထန်းတပင်မြို့နယ်နေသူနှင့် ဗ/၄၀၀ ဒိုင်နာယာဉ်နောက်လိုက် မာမက်ရာကွတ်(၃၅) နှစ် (ဘ) ဦးအဒူဟူစိန်၊ အမှတ်-၂၅၈(ဘီ) အောင်သဇင်လမ်း (၁၀)ရပ်ကွက် လှိုင်မြို့နယ်နေသူတို့နှစ်ဦးသည် သတ်မှတ်ယာဉ်စီးခ ကျပ် ၅၀ ခရီးစဉ်အတွက် ကျပ်၁၀၀တောင်းယူကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကမာရွတ်ရဲစခန်းသို့ ပို့အပ်တိုင်တန်းခဲ့ရာ ကမာရွတ်ရဲစခန်းမှ အောင်မြင့်ထွန်းနှင့် မာမက်ရာကွတ်တို့ နှစ်ဦးအား ခြေချုပ်နှင့် ခံဝန်ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာ

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးတင်ပြပါမယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ဟာ အဆင့်မြင့် မြန်မာစာလေ့လာနိုင်ရေးအတွက် လမ်းခင်းပေးနိုင်တဲ့ ဘာသာရပ်ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ယူသူများဟာ မြန်မာစာအရေးအသား ပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်ပါတယ်။ မြန်မာစာပေ စကားပြေ၊ ကဗျာတွေကို ဝေဖန် အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်တွေကို သိလာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးစံတွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။

ဒီလိုအကျိုးသက်ရောက်မှုနက်ရှိုင်းတဲ့ စိတ်ကြိုက်မြန်မာစာမှာ မောင်ရင်မောင်မမယ်မဝတ္ထု၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းဆိုတဲ့ စာအုပ်(၄)အုပ်ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသားများအတွက် မှတ်သားသိရှိသင့်တာတွေကို ဆွေးနွေးပို့ချပါမယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်းကြီး(၄)ပုဒ်မေးပါမယ်။

မေးခွန်း(၁)မှာ မောင်ရင်မောင်မမယ်မဝတ္ထုကို မေးပါမယ်။ မောင်ရင်မောင် မမယ်မဝတ္ထုကို ၁၉၀၄ ခုနှစ်မှာ စာရေးဆရာကြီးဂျိမ်း(စ်)လှကျော် ရေးခဲ့ပါတယ်။ ပြင်သစ်ဝတ္ထုရေးဆရာကြီး အလက်ဇန်းဒါးဒူးမားရဲ့ The count of Monti-cristo ကို ဘာသာပြန်ထားတဲ့ဝတ္ထု ဖြစ်တယ်။ ဘာသာပြန်ဝတ္ထုဖြစ်သော်လည်း မြန်မာ ဆန်လှတဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ ဖြည့်စွက်ဖန်တီးထားပါတယ်။ ဒါကြောင့်မို့ မောင်ရင်မောင်မမယ်မ ဝတ္ထုဟာ တိုက်ရိုက်ဘာသာပြန်ဝတ္ထုမဟုတ်ဘဲ အလွန်မြန်မာဆန်တဲ့အမှီးဝတ္ထု ဖြစ်ပါတယ်။ မြန်မာဝတ္ထုသမိုင်းမှာ ပထမဆုံးပေါ်ပေါက်ခဲ့တဲ့ ကာလပေါ်ဝတ္ထုလည်းဖြစ်ပါတယ်။ ဒီဝတ္ထုကိုလေ့လာတဲ့ အခါမှာ အမှာစာ မှာပါရှိတဲ့ ဝတ္ထုသဘောတရား၊ ဝတ္ထုလေ့လာနည်းများကို အခြေခံပြီး လေ့လာရပါမယ်။

ဝတ္ထုရဲ့အခြေခံအင်္ဂါရပ်များဖြစ်တဲ့ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံဝန်းကျင်နဲ့ အရေးအသားဆိုတဲ့ ကဏ္ဍလေးရပ်ခွဲခြားပြီး လေ့လာရပါမယ်။ ဇာတ်လမ်းကိုလေ့လာရာမှာလည်း ဇာတ်ပျိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းဆိုတဲ့ ဇာတ်လမ်းရဲ့အင်္ဂါရပ်ငါးခုကို ဆန်းစစ်ကြည့်ရပါမယ်။

ဒီလိုလေ့လာတဲ့အခါမှာ ဇာတ်လမ်းဆင်ပုံကို သေသေချာချာ လေ့လာဖို့ လိုပါတယ်။ မောင်ရင်မောင်မမယ်မဝတ္ထုဟာ ဇာတ်လမ်းဆင်ပုံ အလွန်ကောင်းတဲ့ဝတ္ထုဖြစ်ပါတယ်။ ဝတ္ထုဖတ်သူရဲ့သိလိုဇောကို ဝတ္ထုအစကနေအဆုံးထိ ရှင်သန်စေတဲ့ဝတ္ထုဖြစ်တယ်။ ဒီလိုရှင်သန်နေအောင် ဇာတ်လမ်းတစ်လျှောက်လုံးမှာ အားပြိုင်မှုတွေ သုံးထားတာတွေ့ရပါမယ်။ သာဓကပြရမယ်ဆိုရင် မမယ်မကို စွဲစွဲနစ်နစ်ချစ်ခင်တဲ့ မောင်ရင်မောင်နဲ့ မောင်မြတ်သာတို့ဟာ ဝတ္ထုအစကနေအဆုံးထိ အားပြိုင်သွားကြတယ်။ မင်းပြစ်မင်းဒဏ်နဲ့ ထွက်ပြေးတိမ်းရှောင်နေရတဲ့ မောင်ရင်မောင်ဟာ ဘုရင့်အာဏာတော်နဲ့ ဇာတ်လမ်းတစ်လျှောက်လုံး အားပြိုင်သွားတယ်။ အဲဒီ အားပြိုင်မှုတွေအပြင် နိမိတ်ပြကွက်များ၊ မြှုပ်ကွက်များနဲ့လည်း ဇာတ်လမ်းအရှိန်ကိုတက်စေခဲ့တယ်။ မောင်ရင် မောင်လက်ထဲကို ပုပ္ပားတောင်မင်းသားရဲ့စာ ရောက်သွားခြင်းဟာ မောင်ရင်မောင်ဒုက္ခရောက်မယ့် နိမိတ်ပြ ကွက်ပဲဖြစ်တယ်။ မောင်ရင်မောင်တစ်ဖြစ်လဲတဲ့ မောင်ဘိုးရင်ဘဝ၊ မောင်ရင်မောင်ရဲ့ ဆေးဆရာဘဝ၊ မောင်ရင် မောင်ရဲ့ မျက်လှည့်ဆရာဘဝများဟာ မောင်ရင်မောင်ရဲ့ ဘဝအမှန်ကို မြှုပ်ထားတဲ့မြှုပ်ကွက်ပဲ ဖြစ်တယ်။ ဇာတ်ရှိန်တက်စေတဲ့ ဒီဇာတ်ကွက်တွေကို လေ့လာထားရမှာဖြစ်တယ်။

ဝတ္ထုဆိုတာ ဇာတ်ရှိန်အမြင့်ဆုံးတက်ရင် ဇာတ်ထွတ်ကိုရောက်ပါတယ်။ ဒီဝတ္ထုမှာ မောင်ရင်မောင်နဲ့ မမယ်မပြန်လည်ဆုံတွေ့ခန်းဟာ ဇာတ်ထွတ်ဖြစ်ပါတယ်။ မမယ်မက သူမရဲ့ကွယ်လွန်သွားတဲ့ခင်ပွန်းဟာ "ရှင်နှင့်ပင်တူပါသည်"လို့ မောင်ရင်မောင်ကို ပြောကြားလိုက်တဲ့စကားဟာ ဇာတ်ရှိန်အမြင့်ဆုံးဖြစ်ပါတယ်။

ဒီဇာတ်ထွတ်မှာပဲ သာယာဝတီမင်းထီးနန်းကျခြင်း၊ မင်းအသစ်နန်းတက်လာခြင်း၊ မောင်ရင်မောင် ရာဇဝတ်ဘေးမှ လွတ်မြောက်သွားခြင်းတို့ဟာ ဇာတ်ရှိန်မြင့်ဖို့ အထောက်အကူပြုတဲ့ အချက်များဖြစ်ပါတယ်။

ဝတ္ထုဆိုတာ ဇာတ်ထွတ်ရောက်ပြီးရင် ဇာတ်ဆင်းရပါတယ်။ ဒီဝတ္ထုမှာ မောင်ရင်မောင်နဲ့မမယ်မ တစ်ဦးကိုတစ်ဦး ပြန်လည်သိရှိသွားခြင်းဟာ ဇာတ်ဆင်းဖြစ်ပါတယ်။ သိရှိပြီးတဲ့အခါမှာ သူတို့နှစ်ယောက် ပြန်ပေါင်းမိကြပါတယ်။ ပြန်ပေါင်းမိခြင်းဟာ ဇာတ်သိမ်းခန်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဝတ္ထုမှာ ဇာတ်ဆင်းနဲ့ ဇာတ်သိမ်းဟာ တစ်ဆက်တည်းပဲ ဖြစ်နေတာကို တွေ့ရပါတယ်။

မေးခွန်း(၁)(က)မှာ ဝတ္ထုရဲ့သဘောတရားများ၊ ဇာတ်လမ်းရဲ့အင်္ဂါရပ်များ၊ ဇာတ်ရှိန်တက်ခြင်းဆိုင်ရာ အားပြိုင်မှု၊ နိမိတ်ပြကွက်၊ မြှုပ်ကွက်၊ ဇာတ်ထွတ်ရဲ့သဘောသဘာဝ၊ ဇာတ်သိမ်းရဲ့သဘောသဘာဝ၊ အဲဒါတွေနဲ့ဆက်စပ်ပြီးတော့ ပြဋ္ဌာန်းစာကိုမေးမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဝတ္ထုရဲ့ဖန်တီးပုံအပိုင်းကို မေးခြင်းပဲဖြစ်ပါတယ်။

"ဇာတ်ဆင်းဟူသည်အဘယ်နည်း။" "မောင်ရင်မောင် မမယ်မဝတ္ထု၏ ဇာတ်ဆင်းပိုင်းကိုဆွေးနွေးပါ" စတဲ့မေးခွန်းမျိုးများဖြစ်ပါတယ်။ (၂)ပုဒ်မေးထားပြီး (၁)ပုဒ်ဖြေရမှာဖြစ်ပါတယ်။

မေးခွန်း(၁) (ခ)ကတော့ မောင်ရင်မောင် မမယ်မဝတ္ထုထဲက ဇာတ်ခန်းဇာတ်ကွက်အဖြစ်အပျက်တွေနဲ့ ဇာတ်ဆောင်အဖွဲ့တွေကို မေးမှာဖြစ်ပါတယ်။ ဝတ္ထုရဲ့အကြောင်းအရာပိုင်းကို မေးခြင်းဖြစ်ပါတယ်။ (၂)ပုဒ်ပေးထားပြီး (၁)ပုဒ်ဖြေရပါမယ်။

မောင်ရင်မောင်ထောင်မှထွက်ပြေးခန်း၊ အမိမဖားဥနဲ့ပြန်တွေ့ခန်း၊ မစောတင် ယောက်ျားလေးယောင်ဆောင်ပြီး မောင်ရင်မောင်ကိုရှာဖွေခန်း၊ မမယ်မနဲ့မောင်ရင်မောင်ပြန်ဆုံတွေ့ခန်းစတဲ့ အခန်းတွေကို တစ်ခန်းချင်း လေ့လာထားရပါမယ်။

အဓိကဇာတ်ဆောင်ဖြစ်တဲ့ မောင်ရင်မောင်နဲ့ မမယ်မ၊ ခွန်အားရှိသော ဇာတ်ဆောင်များဖြစ်တဲ့ မောင်မြတ်သာ၊ မစောတင်၊ မဖားဥ၊ ဦးပေါ်လာ၊ ဦးဖြူတုတ်၊ ရွှေဘိုမြို့ဝန်နဲ့မြို့ဝန်ကတော်စတဲ့ ဇာတ်ဆောင်များရဲ့ စိတ်နေသဘောထားနဲ့ အပြုအမူတွေကို တစ်ဦးချင်းလေ့လာဖို့လည်း လိုအပ်ပါတယ်။ မောင်ရင်မောင်၏ ယောက်ျားကောင်းစရိုက်၊ မမယ်မ၏ကရုဏာသက်ဖွယ်ရာဘဝ၊ မောင်မြတ်သာ၏ စိတ်ထားနှင့် အပြုအမူ၊ မစောတင်၏ အစွဲအလမ်းကြီးပုံစသဖြင့် မေးနိုင်ပါတယ်။

ဇာတ်ဆောင်အဖွဲ့တွေအပြင် ဝတ္ထုရဲ့ကာလဒေသနောက်ခံအဖွဲ့တွေ၊ အရေးအသားတွေ၊ ဝတ္ထုကရရှိတဲ့ သုတရသတွေကိုလည်း ဖတ်မှတ်ထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၂)ကတော့ သံဝရပျို့မေးခွန်းဖြစ်တယ်။ သံဝရပျို့ကို အင်းဝခေတ်မှာ စာဆိုရှင်မဟာရဋ္ဌသာရက ဖွဲ့ဆိုခဲ့တယ်။ ၅၅၀ နိပါတ်တော်မှာပါရှိတဲ့ သံဝရဇာတ်တော်ကို ရေးဖွဲ့ထားခြင်းဖြစ်ပါတယ်။ ဒီပျို့ကို ရေးချိန်မှာ ဆရာတော်ဟာ အသက်(၆၀)ဝန်းကျင်ကို ရောက်နေပြီဖြစ်တယ်။ စာပေအသိအမြင်နဲ့ ဘဝအတွေ့အကြုံ စုံလင်နေပြီလည်း ဖြစ်တယ်။ ဒါကြောင့်မို့ ဒီပျို့ကိုရေးတဲ့အခါမှာ စာဖတ်သူအလိမ္မာတိုးစရာအကြောင်းအရာတွေ များစွာပါဝင်လာပါတယ်။ အကြောင်းအရာ အနှစ်သာရ အလွန်ထူးခြားတဲ့ ပျို့တစ်စောင်ဖြစ်ပါတယ်။

သံဝရပျို့ကိုလေ့လာတဲ့အခါမှာ အကြောင်းအရာကိုရော အရေးအဖွဲ့ကိုပါ လေ့လာရမှာဖြစ်ပါတယ်။

အကြောင်းအရာကို လေ့လာတဲ့အခါမှာ နိဒါန်းမှာခွဲပြထားတဲ့ အခန်းများအလိုက် လေ့လာသင့်ပါတယ်။ ခမည်းတော်နှင့် သံဝရမင်းသားပြောဆိုခန်း၊ ဆရာအမတ်ကြီးနှင့် တိုင်ပင်ခန်းများစသည်ဖြင့် ခွဲခြားလေ့လာရပါမယ်။

ဇာတ်ဆောင်တစ်ဦးချင်းအလိုက်လည်း လေ့လာဖို့လိုအပ်ပါတယ်။ ဒီပျို့မှာ အဓိကဇာတ်ဆောင်(၃)ဦး တွေ့ရပါမယ်။ ဗြဟ္မဒတ်မင်းကြီး၊ အမတ်ကြီးနဲ့ သံဝရမင်းသားတို့ဖြစ်ပါတယ်။ ဒီဇာတ်ဆောင်တွေရဲ့ စိတ်နေသဘောထား၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးတို့ကို မိမိအရေးအသားနဲ့ပြန်ရေးနိုင်အောင် လေ့ကျင့်ထားရပါမယ်။

အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ ဥပမာအလင်္ကာအဖွဲ့များ၊ ရူပကအလင်္ကာအဖွဲ့များ၊ အနက်အဓိပ္ပာယ်ပြည့်ဝပြီး အဖွဲ့အစပ်ပြေပြစ်လှပတဲ့ အဖွဲ့ကောင်းများ၊ စကားပုံများ၊ ဆိုရိုးစကားများ စတာတွေရဲ့ အဓိပ္ပာယ်တွေကိုလည်း အသေးစိတ်ရှင်းပြတတ်ရပါမယ်။ ပြေပြေပြစ်ပြစ် ပြန်ရေးပြတတ်ရပါမယ်။ သာဓကပြရမယ်ဆိုရင်

"ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ပေါက်သို့၊ လက်မြှောက်ဦးတင်၊ မြဲလှုချင်"

"ဝတ်စားတန်ဆာ၊ လယ်ကျေးရွာနှင့်၊ ဥစ္စာဆင်မြင်း၊ ပေးကမ်းခြင်းလျှင်၊ အရင်းရှေ့တည်၊ ကျင့်ရိုးမည်၏ "

"ပျားလူးမြက်ကို၊ နေ့ရက်ရှည်လျား၊ စားစများသော်၊ လက်ဝါးပြကာ၊ ကပ်လှာယဉ်လွယ်၊ သမင်နှယ်လျှင် "

စတဲ့ နှစ်သက်စရာအဖွဲ့ကောင်းတွေ များစွာပါရှိပါတယ်။ ဒီလိုအဖွဲ့မျိုးတွေကို အရည်လည်အောင် ရှင်းပြနိုင်ရပါမယ်။

မေးခွန်း(၂)မှာ ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။

၂(က)မှာ ပျို့စာကိုယ်လာ စာပိုဒ်တွေကို ရှင်းပြရမှာဖြစ်တယ်။ ၂(ခ)မှာတော့ ဇာတ်ဆောင်အလိုက်၊ ဇာတ်ခန်းအလိုက်၊ ပျို့တစ်စောင်လုံးအလိုက် အကြောင်းအရာ အရေးအဖွဲ့နဲ့ သုတ ရသသင်ခန်းစာတွေကို မေးမှာဖြစ်တယ်။ ဗြဟ္မဒတ်မင်းကြီး၏ဂုဏ်ရည်၊ အနှစ်သက်ဆုံးအခန်း၊ ဖခင်နှင့်သားတို့၏ နှစ်လိုဖွယ် ဆက်ဆံရေး၊ ဆရာကောင်းတပည့် ပန်းကောင်းပန်သောသဘော စသည်ဖြင့် မေးနိုင်ပါတယ်။ ရှုထောင့်အထွေထွေက လေ့လာထားရင် ပျို့ကဗျာဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ မြန်မာကဗျာဖွဲ့နည်းမေးခွန်းဖြစ်တယ်။ မြန်မာကဗျာဖွဲ့နည်းပြဋ္ဌာန်းစာမှာ မြန်မာကဗျာရဲ့အခြေခံကျတဲ့ ကဗျာဖွဲ့နည်းတွေကို သာဓကများစွာနဲ့ရှင်းပြထားတယ်။ ဒွေးချိုး၊ လေးချိုး၊ တြိချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်းစတဲ့ ကဗျာတွေရဲ့သဘောအဓိပ္ပာယ်တွေ၊ အဲဒီကဗျာတွေရဲ့စပ်နည်းတွေ၊ ပြန်ဂဟာပ်ကာရန်၊ ခြသေ့်လည်ပြန်ကာရန်၊ အခံကာရန်၊ အအုပ်ကာရန်၊ ဇဝနဉာဏ်၊ လက်တန်းဉာဏ်စတဲ့ မြန်မာကဗျာဆိုင်ရာ သိမှတ်စရာတွေကို ကျက်မှတ်ရမှာဖြစ်ပါတယ်။ မေးခွန်း(၃) ပိုဒ်ခွဲ(က)မှာ အဲဒီ ကဗျာဖွဲ့နည်းဆိုင်ရာတွေကို မှတ်စုရေးရမှာဖြစ်တယ်။ (၄)ခုပေးထားပြီး (၂)ခုဖြေရပါမယ်။

မေးခွန်း(၃) ပိုဒ်ခွဲ(ခ)ကတော့ လက်တွေ့ဖြေဆိုရတဲ့ကဗျာမေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး အဲဒီကဗျာရဲ့ အမျိုးအမည်ကို ဖြေရမှာဖြစ်တယ်။ ပြီးတော့ ကာရန်စနစ်ကို သင်္ကေတနဲ့ပြရမှာဖြစ်တယ်။ သာဓကပြရမယ်ဆိုရင်

"အောင်ပင်နှင့် နန္ဒာ
ကြာစုံကမွေး။
တစ်ကန်ကို တစ်ကန်ဆက်ပါလို့
ဂယက်တွေပင်လယ်နှိုင်းသင့်တယ်
လှိုင်းကြက်ခွပ်ဖွေး။ "

ဆိုတဲ့ ကဗျာကိုပေးထားရင် ဒွေးချိုးကဗျာဖြစ်ကြောင်း ဖြေရပါမယ်။ ဒါ နဲ့ ကြာ၊ ဆက် နဲ့ ယက်၊ နှိုင်း နဲ့ လှိုင်းတို့ဟာ ပိုဒ်တွင်းကာရန်တွေဖြစ်တာကြောင့် ခရေပွင့်ပြရမှာဖြစ်တယ်။ မွေး နဲ့ ဖွေးကတော့ ပိုဒ်ဆုံးကာရန် ဖြစ်တာကြောင့် အပေါင်းလက္ခဏာနဲ့ပြရပါမယ်။ အခြားစကားလုံးများကိုတော့ တုံးတိုအမှတ်အသားပြရပါမယ်။ ပထမအချိုး "ကြာစုံကမွေး"ရဲ့ အဆုံးမှာ နှစ်ချောင်းပုဒ်တစ်ခု ချရပါမယ်။ ဒုတိယအချိုးဖြစ်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

ပုလဲမြို့၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

ပုလဲ ဖေဖော်ဝါရီ ၁

မုံရွာခရိုင် ပုလဲမြို့နယ် ကြိုးကြာဉကျေးရွာ တုသိသာရုံလက်တောင်းကျောင်းတိုက် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ၁၅ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် အဆောက်အအုံ အလှူရှင် မန္တလေးမြို့ ရွှေခဲပွားရပ်ကွက်နေ ဦးကံထူး-ဒေါ်ညိုတို့က အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပထမ အကြိမ် လှူဒါန်းငွေကျပ် ၅သိန်းကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ကုန္ဒက ထံ ဆက်ကပ်လှူဒါန်းရာ ကျောင်းဆောင်ဖြစ်မြောက်ရေးကော်မတီဝင် ဦးထွန်းမြိုင်က လက်ခံယူသည်။ **(ဝဲပုံ)**

နှစ်ထပ်သွပ်မိုး

အဆိုပါဆောက်လုပ်မည့် ကျောင်းဆောင် အမျိုးအစားမှာ အလျား ၅၆ပေ၊ အနံပေ၄၀ရှိ နှစ်ထပ်သွပ်မိုး အမျိုးအစား ဖြစ်ပြီး တန်ဖိုးငွေကျပ် သိန်း၂၅၀ ကျော် ကုန်ကျမည် ဖြစ်သည်။

ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းလိုသူ ကုသိုလ်ရှင်များ အနေဖြင့် ဦးထွန်းမြိုင်နှင့် မန္တလေးမြို့ အောင်ပင်လယ်ရပ် ဦးလှကို ဖုန်း-၀၂-၈၈၃၅၁၊ ၀၉-၂၀-၁၆၂၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီလရှင်ဝတ်ရုံလှူဒါန်းပွဲနှင့် စာအောင်ဆုပေးပွဲကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၂

ပုသိမ်မြို့ အမှတ်(၃)နယ်မြေ မဟာဗန္ဓုလလမ်းရှိ ကုလဝိသေသီ ပရိယတ္တိရိပ်သာ၌ သီလရှင်ဝတ်ရုံလှူဒါန်းပွဲနှင့် စာအောင်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ရက်က ကျင်းပသည်။

ဝတ်ရုံများလှူဒါန်း

အခမ်းအနားတွင် ကုလဝိသေသီ ပရိယတ္တိရိပ်သာ ပဓာန ဒေါ်ဣန္ဒရီ၊ ဒေါ်ကုမာရီအမှူးပြုသော သီလရှင်အပါး ၁၀၀ကျော်တို့အား ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ဝင်းမော်**(အပေါ်ပုံ)**နှင့် အလှူရှင်များက သီလရှင်ဝတ်ရုံများ လှူဒါန်းကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးဇော်ဇော်ဦးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ မိဂဒါဝုန် ဆရာတော် ဘဒ္ဒန္တ ပညာသိရီအရှင်မြတ်က ရှစ်ပါးသီလ ချီးမြှင့်တော်မူပြီး ၁၃၆၈ခုနှစ် ပရိယတ္တိစာမေးပွဲ အောင်မြင်ကြသော သီလရှင်များအား အလှူရှင်များက စာအောင်ဆုများ လှူဒါန်းကြသည်။

ဟောကြား

ထို့နောက် မိဂဒါဝုန် ဆရာတော် ဘဒ္ဒန္တပညာသိရီအရှင်မြတ်က ရေစက်ချ အနုမောဒနာတရား ဟောကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။ **(၁၅၇)**

ကျောင်းကုန်းမြို့၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ထူးချွန်ကျောင်းသားများ ဂုဏ်ပြု

ကျောင်းကုန်း ဇန်နဝါရီ ၂၂

၁၃၆၉ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုနှင်းသဘင်ပွဲအခမ်းအနားကို ဒီဇင်ဘာ၃၀ရက် ည၇နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစံလှထွန်း (မြို့နယ်သတင်းထောက်)က ဖတ်ကြားသည်။

ဆက်လက်၍ ဆုနှင်းသဘင်ပွဲကို ကျင်းပရာ တက္ကသိုလ်ဝင် စာမေးပွဲတွင် မြို့နယ်၊ ခရိုင်နှင့် တိုင်းအဆင့် ဘာသာရပ်အလိုက် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ၊ စာမူဝတ္ထု၊ ဆောင်းပါးနှင့် ကဗျာဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က ဆုများ ပေးအပ်ကြသည်။

ထို့နောက် အလှူငွေပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အမှတ်(၁)ရပ်ကွက် ရတနာပုံလမ်းနေ ကန်ထရိုက်တာ ဦးခင်အောင်ဆွေ မိသားစုက ငွေကျပ်၁၀သိန်းပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းထွန်းက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)** (၂၆၅)

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြော

တောင်ငူ ဇန်နဝါရီ ၃၁

ပဲခူးတိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီခွဲက တောင်ငူပညာရေးကောလိပ် သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူ တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ဒေါ်သီဂီအောင်နှင့် ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီတို့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို ဆွေးနွေးဟောပြောသည်။

ဆုချီးမြှင့်

ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော အခြေခံပညာ အထက်တန်းဆင့်နှင့် အလယ်တန်း ဆင့်တွင် ပထမ၊ဒုတိယ၊တတိယဆုရ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြပြီး ဟောပြောဆွေးနွေးခဲ့ကြသော ဆရာမကြီး နှစ်ဦးတို့အားပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၂၀ရက်က အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ပြည်ထောင်စု လမ်းမကြီး အထက ကျောင်းရှေ့တွင် ပန်းအလှပင်များ ပြုပြင်ဆောင်ရွက်မှု လုပ်ငန်းကို ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂ရက်က လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစံလင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြက်မွေးမြူ ထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်းဖွင့်

သံဖြူဇရပ် ဇန်နဝါရီ ၃၁

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ တို့ပူးပေါင်းဖွင့်လှစ်သော ကြက်မွေးမြူ ထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၁ရက်က သံဖြူဇရပ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ ကြက်မွေးမြူသူ ၄၀တက်ရောက်ကြပြီး ဥစား၊ အသားစား ကြက်မွေးမြူရေး ဘာသာရပ်နှင့် ဇီဝလုံခြုံရေး ဘာသာရပ်တို့ကို သုံးရက်ကြာ ပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

Ever Smile Group အဲဗားစမိုင်းအုပ်စု ... Ever Smile Group.

အဲဗားစမိုင်း ... (Ever Smile CNG) ... Lion City ...

MCC Business School

LCCI Super Centre Business Diploma Courses

Diploma in Secretarial Administration — Diploma in Business Administration

ကိုးဘွဲ့ရမဟာသိပ်တော်ကြီး

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်မြို့)

အသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အခြားထူးချွန်ဆုပေးပွဲများကို ၁၀-၂-၂၀၀၈ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီအချိန်တွင်ရွှေတိဂုံဘုရားလမ်းရှိရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ်းမ ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများ၊ မြို့နယ်သူ/သားများ၊ ပူဇော်ခံပုဂ္ဂိုလ်များ၊ ဆုရကျောင်းသား ကျောင်းသားများတက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။ **လမ်းညွှန်**–ယာဉ်ငယ်လိုင်း အမှတ် ၃ (အစိမ်း/အဝါ)၊ ၄၆(အဝါ)၊ ၄၇(အဝါ)နှင့် ၂၀၄ ဘတ်စ်ကားတို့ကိုစီးပြီး ရွှေတိဂုံဘုရား တောင်ဘက်မုခ်မှတ်တိုင်တွင် ဆင်းပါရန်။

အမှုဆောင်အဖွဲ့။

မီးသတိပြု

မတ္တရာ၌ ကျေးလက်တံတားဆောင်ရွက်

မတ္တရာ ဇန်နဝါရီ ၂၅

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်တံတားသုံးစင်း ဆောင်ရွက်ရန် လျာထားချက်အနက် ကျေးလက်တံတားဖြစ်သည့် နတ်ကြီးစဉ်လမ်းရှိ တံတား(၁)အရှည် ၁၈ပေ၊ အကျယ်လေးပေရှိတံတားတစ်စင်းကို အဖွဲ့ရန်ပုံငွေကျပ် ၁၃၉၀၀၀၀ ဖြင့် ဆောင်ရွက်ပြီးစီး၍ လမ်းနှင့်လိုက်လျောညီထွေစေရေး၊လမ်းအနိမ့်ဖြေခြင်းလုပ်ငန်းဆောင်ရွက်မှုကိုဇန်နဝါရီ ၁၂ရက်က အမှုဆောင်အရာရှိဦးအောင်ဖနှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မန်းဒေတို့ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။**(အပေါ်ပုံ)(မြို့နယ်စည်ပင်)**

ယင်နှင့် အနံ့ဆိုးများ မရှိစေရေးဆောင်ရွက်

ညောင်ရွှေ ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်းအပြင် သန့်ရှင်းသာယာစေရေးနှင့်အသား၊ ငါးများ ရောင်းချသည့်နေရာများတွင် ယင်များ၊ အနံ့အသက်ဆိုးများမရှိစေရေးဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူး ဦးအောင်မြင့်က မြို့မ မင်္ဂလာဈေးကြီးအတွင်းနှင့် အသား၊ ငါးတန်းများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလင်းထွဋ်က ရှင်းလင်း တင်ပြခဲ့သည်။

(ဝ၂၇)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့။ ၁၃၆၉ ခုနှစ် ပြာသိုလဆန်း ၃ ရက်
၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၀၈ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာတွင် ၂၀၀၈ခုနှစ် မတ်လအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၀၈ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် တင်ပြရောင်းချမည် ဖြစ်ပါသည်။ ၂၀၀၈ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်အများအပြားတက်ရောက်ပြီး ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများကို အပြိုင်အဆိုင်ဝယ်ယူကြမည်ဖြစ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် နိုင်ငံသားရတနာကုန်သည်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို လက်ခံခြင်း၊ အတွဲဖွဲ့ခြင်း၊ ကြမ်းခင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲတွင်တင်ပြခင်းကျင်းရောင်းချခြင်း၊ ရောင်းရငွေများအမြန်ရရှိရေး၊ ပြည်ပသို့တင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ(Export Earning) အဖြစ် သတ်မှတ်ရေးနှင့် အခြားလိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ၂၀၀၈ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၈ခုနှစ် ဇန်နဝါရီလ၁ရက်မှ ဖေဖော်ဝါရီလ ၂၀ ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အတွဲဖွဲ့ခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲနေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ၂၀၀၈ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့။ ကျောက်မျက်ရတနာ တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူး မြို့များတွင် အခြေပြုသည့်ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၅။ ၂၀၀၈ခုနှစ် (၄၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ်(၄)ပါ လုပ်ငန်း၊ ဌာန၊ ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

လမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အဖွဲ့ရုံး ရေရရှိရေးအတွက်ဂါလန်၄၀၀ဆံ့ရေလှောင်ကန်နှင့် ပန့်၊အင်ဂျင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှု အခြေအနေကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဦးသိန်းသန်းစိုးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဇော်ညီညီသွင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဖြိုးကြည်နှင့် အဖွဲ့ဝင်များ စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးဝါးကုသမှု ခံယူနေသည့် အမျိုးသမီး ဝေဒနာရှင်တစ်ဦးအား ဇန်နဝါရီ ၂၉ရက်က ထောက်ပံ့ကြေး ပေးအပ်စဉ်။

(က-ပ)

၁၃၆၉ ခုနှစ်
တပို့တွဲလဆန်း ၁ ရက်
၇-၂-၂၀၀၈
(ကြာသပတေးနေ့)

မြန်မာ့အသံ နားဆင်စရာ

နံနက်ပိုင်း

၀၇း၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (သဘာဝနည်းဖြင့် ပုစွန်မွေးမြူရေး)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ကလေးအနာဂတ် ချမ်းမြေ့ကမ္ဘာ (မောင်စိုးထိုက်-သုံးဆယ်)
(၂) မင်္ဂလာနံနက်ခင်း ကလေးကဗျာများ (မောင်မြင့်ထွန်း)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် ရေသန့်သောက်သုံးနိုင်ဖို့-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့်အာဟာရ (တီကေ)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (တိုးတက်စည်ပင် ရှမ်းပြည်နယ်တစ်ခွင်)

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ယုံတမ်းစကား(နီနီဝင်းရွှေ)
(၂) ယုံတမ်းစကားမဟုတ်ပါ (မျိုးမြင့်လေး)

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (လက်ချင်းတွဲလို့ နွဲပျော်မယ်)

၁၉း၄၀ ခေတ်မရွေးသောတေး
(၁) ချယ်ရီလက်ဆောင် (ကိုင်ဇာ)
(၂) ပင်လယ်ပြာနှင့်တံငါရွာ (စိုးစန္ဒာထွန်း)
(၃) ချစ်တဲ့သူငယ်လေ (စိုင်းထီးဆိုင်)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သဲကြီး မဲကြီး (ရီရီသန့်)
(၂) စကားပြောကောင်းတဲ့ မသည်းအူ (ကိုသန်းလှိုင်)
(၃) သံယောဇဉ် (မဉ္ဇူသင်း)

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မောင်းမကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၅

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် ထားဝယ်ခရိုင် လောင်းလုံမြို့နယ် မောင်းမကန်ကမ်းခြေတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မောင်းမကန်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုကိုလည်းကောင်း၊ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုနှင့် ကျောင်းအဆောက်အအုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့နယ် ရှင်မုတ္ထီးဘုရားနှင့် အလယ်ကုန်းကျေးရွာရှိ လောကသရဖူရွှေသာလျောင်းဘုရားတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ထားဝယ်လေဆိပ် တိုးချဲ့တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

တရုတ်နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်နယ်အချို့တွင် ကျရောက်လျက်ရှိသော ဆီးနှင်းမုန်တိုင်းကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ချမ်းမြမြ ၅-၂-၂၀၀၈

လွိုင်လင်	-၁ ဒီဂရီစင်တီဂရိတ်	မိုးကုတ်	၃ ဒီဂရီစင်တီဂရိတ်
ဟားခါး	၁ ဒီဂရီစင်တီဂရိတ်	ပြင်ဦးလွင်	၃ ဒီဂရီစင်တီဂရိတ်



အသီးတစ်ရာ
အညာတစ်ခု
ဒို့ပြည်ထောင်စု

မြန်မာ့အလင်း (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

❐ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ကချင်ပြည်နယ် (စာ - ၇)

❐ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ထုတ်လုပ်မှုပပျောက်ရေး၊ ကာကွယ်တားဆီးနှိမ်နင်းရေးနှင့် သုံးစွဲမှုပပျောက်ရေးဟူသည့် နည်းဗျူဟာသုံးရပ်ဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် နယ်စပ်ဒေသများတွင်သာမက တစ်နိုင်ငံလုံး မူးယစ်ဆေးဝါး ကင်းစင်စေရန် ဆောင်ရွက်နေပြီဖြစ် ခြင်ကျား(မအူပင်)၏ ပြည်ထောင်စုနေ့ သန္နိဋ္ဌာန် ဆောင်းပါး (စာ- ၈နှင့် ၉)

❐ ညီညွတ်ဖို့သာ လိုပါသည် ဇော်မင်းမင်းဦး၏ ကဗျာ (စာ-၉)

❐ တောင့်ထားကြဖော့ ကောင်းကောင်း၏ ကာတွန်း (စာ-၉)